ကံကိုထမ်းကာ သံသရာမှာ ရမ်းနေတဲ့ သတ္တဝါများ

ကံကြောင့် ဒုက္ခတွေပင်လယ် ဝေကာ

ဆင်းရဲမွဲတေနေမှာစိုးတာကြောင့် ...

ပညာပါရမီအသင်း၏
မွေ့ဒါန

pyinnyarparami@gmail.com
www.facebook.com/pyinnyarparami.singapore

ဦးဉာဏဝရ (ပညာပါရမီ)    ကံ ဟူသည်...    ပညာပါရမီ အသင်း၏မွေ့ဒါန

# ကံဟူသည်...

ဦးဉာဏဝရ (ပညာပါရမီ)

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၁။ | စာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း | ၁ |
| ၂။ | နိဒါန်း | ၃ |
| ၃။ | ကံ၏အဓိပ္ပါယ် | ၅ |
| ၄။ | ကံ ရှင်းလင်းချက် | ၇ |
| ၅။ | အခန်း (၁) | |
| | ၁။မကောင်းမှုရှောင်နှင့် ၃။ဖြူအောင်စိတ်ကိုထား | ၁၀ |
| | မိဘကိုပြစ်မှားက ပိုမိုအပြစ်ကြီးကြောင်း | ၁၇ |
| | သီလမဲ့ရဟန်းသာမဏေများ၏လှူသာမန်ထက်သာလွန်သည့် ဂုဏ်များ | ၁၉ |
| | ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် | ၂၁ |
| | မိန်းမဖြစ်ခြင်းအကြောင်းနှစ်ခု | ၂၂ |
| | သိသလိုမသိသလိုလိုနဲ့ ကျူးလွန်သောအပြစ်များ | ၂၃ |
| | ကံလွတ်အောင် စတိသဘောလက်ထပ်၍မဖြစ်နိုင် | ၂၄ |


AVOID EVIL, DO GOOD DEED AND PURIFY THE MIND

မကောင်းမှုကိုရှောင်လို့ရနိုင်တဲ့အကျိုး ၂၅

အပါယ်ဘုံသားများ အသက်တိုရှည်ဖြစ်ရခြင်းအကြောင်း ၂၇

အွန္တရကပ်ရေတွက်နည်း ၂၈

၆။ အခန်း (၂)

၂။ ကောင်းမှုဆောင် နှင့် ၃။ဖြူအောင်စိတ်ကိုထား ၃၀

ကံဆန်းကြယ်ပုံ ၃၄

မကောင်းတာလုပ်နေသော်လည်းကြီးပွါးရခြင်းအကြောင်း ၄၀

ကုသိုလ်ဖြစ်ကြောင်းတရား (၁၀)ပါး ၄၃

စနစ်တကျလှူတတ်စေဖို့ ၄၄

အကြောင်းကောင်းအောင်လုပ်နည်း ၄၇

သီလစင်ကြယ်အောင်လုပ်နည်း ၄၇

ဒါနကြောင့်ရနိုင်တဲ့အကျိုး ၄၉

၇။ အခန်း (၃)

၃။ဖြူအောင်စိတ်ကိုထား ၅၁

ဘာသာခြားများလဲကုသိုလ်ဖြစ်နိုင် ဈာန်တရားများရနိုင် ၅၉


AVOID EVIL DO GOOD DEEDS AND PURIFY THE MIND

ဗုဒ္ဓကိုယုံကြည်ရခြင်းအကြောင်း ၆၃

ပဋိစ္စသမုပ္ပါဒ်တရားတော် ၆၄

စွဲလို့လန်းရတာ ၆၆

ဝိပဿနာ ၆၇

မဂ္ဂင်ရှစ်ပါး ၆၇

သီလစင်ကြယ်ခြင်းကြောင့်တရားထူးအမြန်ရနိုင် ၆၉

သမထဘာဝနာကလဲ တရားထူးကိုအမြန်ရစေနိုင် ၇၁

ကံနဲ့မကင်းသူများဝမ်းမြောက်စရာ ၇၄

၈။ နိဂုံး ၇၆


AVOID EVIL, DO GOOD DEEDS AND PURIFY THE MIND

# *စာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း*

သက်ရှိသတ္တဝါအားလုံးဟာ ကောင်းကံ မကောင်းကံနဲ့ မကင်းနိုင်ကြပါဘူး။ ကောင်းကံကြောင့် ကောင်းကျိုးစံရတဲ့အချိန်မှာပြုံးပျော်နိုင်ကြပေမဲ့ မကောင်းကံ ရောက်လာပြီဆိုရင်မဲ့ရွဲ့ကာ ဒုက္ခကိုခံရင်းငြီးငြူတတ်ကြပါတယ်။တချို့သူတွေက မကောင်းတာကို လုပ်မိထားလို့ ပူပင်နေတတ်ကြပြန်ရော။တကယ်တော့ အပြစ်နဲ့တွဲနေတဲ့လောကကြီးမှာ နေရသူအားလုံးဟာ အပြစ်နဲ့ကင်းအောင်နေဖို့ ဆိုတာ တကယ့်ကိုမလွယ်တဲ့ အခြေအနေရယ်ပါ။ ကောင်းတာစံရလို့ပြုံးပျော် နေသူများ ကောင်းတာဟာလဲ မကြာခင်မှာ ပျောက်ပျက်သွားတတ်တယ်ဆိုတာ ကို သိစေချင်သလို မကောင်းတာကိုခံရလို့ ငြီးနေတဲ့သူများလဲ ကောင်းတာကို လုပ်ရင်း မကောင်းတာကို ပယ်ဖျောက်နိုင်တယ်ဆိုတာကိုပါ သိစေချင်ပါတယ်။ အရာအားလုံး ဘယ်လိုမှမမြဲတဲ့လောကကြီးထဲမှာ ကံအကြောင်းကို သိထားမယ် ဆိုရင် ပြုံးစရာနဲ့ကြုံရင် တအားမပျော်တော့ပဲ မုန်းစရာမကျေနပ်စရာနဲ့ ကြုံလာရင်လဲ အေးအေးပဲ ဖြစ်သွားမှာပါ။ အကြောင်းမသိလို့ ဝမ်းနည်းဝမ်းသာ ဖြစ်နေရသူများကို ကံအကြောင်းသိစေချင်ပါတယ်။ ပြီးတော့ကံကြောင့် ကောင်း တာ၊ မကောင်းတာဖြစ်ရတယ်ဆိုတာကိုသိလို့ ကံကြောက်သူများအတွက် ကံပျောက်အောင် လုပ်လို့ရတယ်ဆိုတာကိုပါ အပိုသိထားစေချင်လို့ ကံအကြောင်းကို ဗုဒ္ဓ ဘုရားမိန့်ကြားခဲ့တဲ့ ဩဝါဒပါတိမောက်သုံးဂါထာထဲက သဗ္ဗပါပဿဂါထာ တော်ကို အတတ်နိုင်ဆုံးကြိုးစားပြီး အကျယ်ချဲ့ပေးလိုက်ပါတယ်။ အကျယ်လို့ ပြောရတာကလဲ ဂါထာတိုတစ်ပုဒ်နဲ့ နှိုင်းစာပြီးပြောတာပါ။ ဘုရားဟောတရားတော် အကျယ်နဲ့စာရင်တော့ တကယ့်ကိုကျဉ်းမြောင်းတဲ့ ရှင်းပြချက်၊ဖော်ပြချက်တစ် ခုသာဖြစ်ပါတယ်။ အခု ရေးပြဖော်ပြမယ့် ကံအကြောင်းများဟာလဲ တကယ့် တကယ် ပြီးပြည့်စုံတယ်လို့ မပြောရဲပါဘူး။ ကံကသာ သက်ရှိသတ္တဝါများရဲ့ ဥစ္စာ ကံကသာ ဖန်တီးရှင် ကံသာအမိ၊ကံသာအဖ ကျန်တာဘာမှ မရှိဘူးဆိုတာလေးကို အရိပ်ပြရုံလေး ပါပဲ။ အရိပ်သိပြီး အရုပ်ပါမြင်သွားရဖို့ဆိုရင်တော့ ကံကို ရပ်စေနိုင်တဲ့ ဉာဏ်ရဖို့အရေးကြီးပါတယ်။ ကံကြောင့်ဖြစ်တယ်ဆိုပြီး ကံနောက်

ကိုပဲလိုက်နေမယ်ဆိုရင် ခံရဖို့သာရှိတာပါ။ ဒါကြောင့် ဉာဏ်ပိုင်ပြီး ကံနိုင်စေဖို့ အကျဉ်းဂါထာတော်ထဲက ဖြူအောင်စိတ်ကိုထားဆိုတဲ့ သမထနည်း ဝိပဿနာ အမြည်းလေးကိုပါ ထည့်သွင်းဖေါ်ပြပေးထားပါတယ်။ အစမထင်သံသရာ က တည်းက ဒုက္ခကိုရင်ဝယ်ပိုက်လာရတာဟာ ဉာဏ်မဲ့လို့ ကံနည်းခဲ့ရတာ ကြောင့်ပါ။ ဉာဏ်နည်းတော့ မလုပ်သင့်တဲ့အကုသိုလ်ကို ပိုမိုကြီးအောင်လုပ်ခဲ့ မိသလို လုပ်သင့်တဲ့ကောင်းမှုကိုလဲ မျှော်လင့်ချက်တစ်ခုအတွက်သာ အသုံးချ ခဲ့မိကြပြန်ရော။ ပုထုဇဉ်ရဲ့သဘာဝ ဉာဏ်နောက်ကိုမလိုက်ပဲ ကံနောက်ကိုသာ လိုက်ခဲ့ကြတာမို့ သံသရာဝဲမှာ ချာချာလည်ခဲ့ရတာပါ။ ကံစေရာ ကနေရတဲ့ သက်ရှိသတ္တဝါများ ဉာဏ်ကိုသာအသုံးချတတ်မယ်ဆိုရင် ကံဟာကိုယ့်ရဲ့ အစေအပါး ဖြစ်သွားမှာပါ။ ပြီးတော့ ကံလုပ်လို့ ကံမပျောက် ဉာဏ်ရောက်မှကံ ပျောက်တယ်ဆိုတာကို သိစေချင်လို့ တပို့တွဲလပြည့်နေ့မှာနှစ်ပေါင်း ၂၅၉၉ နှစ်ပြည့်တော့မယ် ရာဇဂြိုလ်ဝေဘာရတောင်ခြေရင်း ဝေဠုဝန်ဝါးတော ကျောင်းမှာ ကိလေသာကင်းကွာရဟန္တာများနဲ့သာ ပြုလုပ်ခဲ့တဲ့ သံဃာ့အစည်း အဝေးကြီးကို စိတ်ထဲမှန်းမျှော်ရင်း ဒီကံအကြောင်းလေးကို ရေးလိုက်ရတာပါ။ ဖတ်မိသူများ ဉာဏ်ရောက်လို့ကံပျောက် နိုင်ပါစေကြောင်းဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

***သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။***

***သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။***

***မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုထား၊ဤသုံးပါးသာ ကျင့်စရာ ရှင်တော်မိန့်မှာကြား။***

***ဦးဉာဏဝရ***

***သာသနာတော်နှစ် ၂၅၅၅ ခု တပို့တွဲလပြည့် အင်္ဂါနေ့***

***(07.02.2012)***

## နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

သိဒ္ဓတ္ထမင်းသားဟာ အသက်နှစ်ဆယ့်ကိုးနှစ်မှာ တောထွက်ပြီး ဥရုဝေလတောရမြိုင်ခွင်မှာ ခြောက်နှစ်တိတိဒုက္ကရစရိယာ=ခက်ခဲကြမ်းတမ်းတဲ့အကျင့်ကိုကျင့်ခဲ့ပြီးနောက် မှားယွင်းတဲ့အကျင့်ကိုစွန့်ကာ မှန်ကန်တဲ့အကျင့်ကိုကျင့်လျက် မဟာဗောဓိပင်အောက်မှာ ကိလေသာကင်းကွာသဗ္ဗညုဘုရား အဖြစ်ကိုရောက်ရှိခဲ့ပါတယ်။ဘုရားဖြစ်တဲ့အချိန်မှာ သက်တော်က သုံးဆယ့်ငါးနှစ်ပဲရှိပါသေးတယ်။ဘုရားဖြစ်ပြီးနောက် ဗာရဏသီ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးကိုဓမ္မစကြာတရားဦးဟောရင်း ပထမဝါကို ကုန်လွန်စေခဲ့ပါတယ်။ မိုးလကင်းလွတ်သီတင်းကျွတ်မှာတော့ တပည့်သံဃာအပါး၆၀ကို အသိဖြန့်ဝေပေးရန် သာသနာပြု စေလွှတ်ခဲ့သလို ကိုယ်တိုင်လဲ နေရာဟောင်းဖြစ်တဲ့ ဥရုဝေလတောကို တကြော့ပြန်ခဲ့တာပေါ့။ ရည်ရွယ်ချက်က ဥရုဝေလကဿပညီနောင် ရသေ့တစ်ထောင်ကို တရားရေအေးတိုက်ကျွေးကာ အမြိုက်အရသာကို ခံစားစေချင်လို့ပါပဲ။ ဥရုဝေလကဿပညီနောင် သုံးယောက်အပါအဝင် ရသေ့တစ်ထောင်တို့ အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြပြီးနောက် ရာဇဂြိုလ်ခရီးကို စတင်ပါတော့တယ်။ ရာဇဂြိုလ်ရောက်တာမကြာသေးခင်မှာပဲ ဥပတိဿ(ရှင်သာရိပုတ္တရာအလောင်းလျာ) နှင့် ကောလိတ (ရှင်မောဂ္ဂလာန်အလောင်းလျာ) တို့ ပဉ္စဝဂ္ဂီငါးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ ရှင်အဿဇိရဲ့လမ်းမှန်ရောက်ကြောင်း တရားကောင်းကြောင့် အရိယာတွေဖြစ်ပြီး ဘုရားရှိရာရာဇဂြိုလ်ကိုချဉ်းကပ်ကာ သာသနာ့နွယ်ဝင် ရဟန်းအဖြစ် ခံယူခဲ့ကြပါတယ်။ သူတို့နဲ့အတူလိုက်ပါလာတဲ့ တပည့်အပေါင်းက (၂၅၀) ပါ။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ ရဟန္တာဖြစ်ပြီးနောက် ဗိမ္ဗိသာရမင်းကြီးရဲ့ ကောင်းမှုတော်ဖြစ်တဲ့ ရာဇဂြိုလ်မြို့ဝါးတောကျောင်းမှာ သာသနာ့သမိုင်းမှာ အထင်ကရအစည်းအဝေးဖြစ်လာမယ့် သံဃာ့အစည်းအဝေးကြီးကို စတင်ခဲ့ပါတယ်။ နေ့ကတော့ တပို့တွဲလပြည့်နေ့ပေါ့။ အဲဒီအစည်းအဝေးကြီးဟာ

ကံဟူသည်

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ရဲ့ ဆန္ဒကို ပြည့်ဝစေတဲ့ အစည်းအဝေးကြီး ဆိုရင်လဲ မများလောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်ရဲ့ လက်ျာရံလက်ဝဲရံ အဖြစ်ပေးအပ်တဲ့ အခမ်းအနားကြီးလဲဖြစ်လို့ပါပဲ။ *ပထမဆုံးစတင်ခဲ့တဲ့ သံဃာ့အစည်းအဝေးပွဲကြီးမှာ* ဘုရားနဲ့အတူပါဝင်ဆင်နွှဲခဲ့တဲ့ သံဃာအပါး (*၁၂၅၂*) ပါးဟာ *ကိလေသာကင်းကွာရဟန္တာများသာ* ဖြစ်တဲ့အတွက် ခမ်းနားသိုက်မြိုက် သန့်ရှင်းစင်ကြယ်လွန်းတဲ့ သံဃာ့အစည်းအဝေးဆိုရင် မှန်မယ်ထင်ပါတယ်။ အဲဒီအစည်းအဝေးမှာ သုံးလောကထွဋ်ထားသဗ္ဗညုဗုဒ္ဓဘုရား မိန့်ကြားခဲ့တဲ့ ဩဝါဒမိန့်ခွန်းကတော့ ပိဋကတ်သုံးပုံ အကျင့်မြတ်သုံးရပ် ထွက်ရပ်လမ်းကို ပြပေးနိုင်တဲ့ ခန္တီပရမံ=သည်းခံခြင်းဟာ အကျင့်ထဲမှာ အမြတ်ဆုံးစတဲ့ ဩဝါဒပါတိမောက် သုံးဂါထာပါပဲ။ ဩဝါဒသုံးဂါထာမှာ တစ်ပုဒ်အပါအဝင်ဖြစ်တဲ့ သဗ္ဗပါပဿဂါထာတော်ဟာ လူသားနဲ့သတ္တဝါအများရဲ့ ကံအကြောင်းကို ပြည့်စုံစွာပါဝင်အောင် အကျဉ်းဆုံး ဟောကြားခဲ့တဲ့ ဂါထာတော်ဖြစ်ပါတယ်။ကောင်းကံ မကောင်းကံနဲ့သံသရာ အဝှမ်းမှာညစ်နွမ်းနေတဲ့ သတ္တဝါတို့အတွက် ကံစင်ကြယ်အောင်လမ်းပြပေးခဲ့တဲ့ တရားတော်တစ်ပုဒ်လဲဖြစ်ပါတယ်။ အလုံးစုံသိမြင်ဘုရားရှင် ဟောကြားခဲ့တဲ့ သဗ္ဗပါပဿဂါထာတော်ကို မမီတဲ့အသိ နုံ့နဲ့တဲ့ဉာဏ်နဲ့ ပြန်ပြောင်းကြည့်ရင်း ခဏလောက်ဆွဲဆန့်ကြည့်ကာ စင်ကြယ်လွန်းမက စင်ကြယ်လွန်းလှတဲ့ အစည်းအဝေးကို လှမ်းမျှော်လို့ကြည်ညို လိုက်ပါရဲ့။

သတ္တဝါအနန္တ ရှိရှိသမျှထဲမှာ လူသားဟာ ပိုမိုသိချင်စိတ်ရှိပြီး စူးစမ်း ရှာဖွေတတ်တဲ့ သတ္တဝါတစ်မျိုးပါပဲ။ ဒါကြောင့်လဲပဲ အဆိုးဆုံးအခြေအနေနဲ့ အကောင်းဆုံး အဖြစ်အပျက်တွေကို ပိုင်ဆိုင်ခွင့်ရရှိလာတာဟာလဲ လူသားပဲ ဖြစ်လာပြန်တာပေါ့။ ဗုဒ္ဓ ဘာသာဝင်များအတွက် သိဒ္ဓတ္ထဆိုတဲ့ လူသားတစ်ယောက်ဟာ စံပြမဟာလူသားတစ်ယောက်ဖြစ်တယ် ဆိုတာကို ဘယ်သူမှ ငြင်းမယ်မထင်ပါဘူး။ သူ့ရဲ့ကြိုးစား အားထုတ်မှုကြောင့်လူသားရဲ့ အလေးပြုခံ၊ လမ်းမှန်ကိုပြတဲ့ ဆရာတစ်ယောက် ဖြစ်လာသလို နတ်နဲ့ဗြဟ္မာတို့ရဲ့ ကိုးကွယ်ရာအားထားရာလဲ ဖြစ်လာပါတယ် (သတ္တာဒေဝမနုဿဂုဏ်တော်)။

လူသားထဲက လူသားဖြစ်တဲ့ သိဒ္ဓမင်းသားဟာ ဘာကြောင့်များ လူနတ်တို့ရဲ့ ကိုးကွယ်ခံတစ်ယောက် ဖြစ်လာရပါလိမ့်? . . . တကယ်တော့ လူသားအားလုံး သိနေတဲ့ သူလုပ်ခဲ့တဲ့ကံကြောင့်ဆိုတာ မပြောလဲသိနိုင်မယ်ထင်ပါတယ်။

သတ္တဝါတစ်ဦးတစ်ယောက်အတွက် အကောင်းအဆိုးကို ဖန်တီးပေးနေတာဟာ သတ္တဝါများကိုယ်တိုင် ပြုလုပ်ကျူးလွန်နေကြတဲ့ ကိုယ်နှုတ်စိတ်ရဲ့ အမူအရာ ကံတွေကြောင့်ပါပဲ။ ဒါကြောင့် သုံးလောကထွဋ်ထား မုနိမြတ်ဘုရားက ကံစင်ကြယ်စေဖို့ နည်းလမ်းသုံးခု ပေးခဲ့ပါတယ်။ အသုံးပြုတတ်သူအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ နည်းတွေပါပဲ။

ဒါတွေက ၁။ *မကောင်းမှု ရှောင် (သဗ္ဗပါပဿ အကရဏံ)* ၂။ *ကောင်းမှုဆောင် (ကုသလဿူပသမ္ပဒါ)* ၃။ *ဖြူအောင်စိတ်ကိုထား (သစိတ္တပရိယောဒပနံ)* ပါတဲ့။ မကောင်းမှုရှောင်ခြင်း၊ ကောင်းမှုဆောင်ခြင်း၊ ဖြူအောင်စိတ်ကိုထားခြင်းဟာ ကံကိုလုပ်နေတာပဲမို့ ကံရဲ့အဓိပ္ပါယ်နဲ့ ကံရဲ့အပြားကိုလဲအရင်သိထားသင့်ပါတယ်။

## ကံ၏အဓိပ္ပါယ်

ဘုရားရှင်ရဲ့ဟောကြားချက်အရ ကံဆိုတာ အလုပ်ပါပဲ။ အလုပ်ဆိုတဲ့နေရာမှာ ကိုယ်နဲ့လုပ်၊ နှုတ်နဲ့ပြော၊ စိတ်နဲ့ကြံ အားလုံးပါဝင်တာပေါ့။ ဒါကြောင့်မို့လဲပဲ ပဋ္ဌာန်းတရားတော်မှာ ကောင်းကံမကောင်းကံ အားလုံးကိုကံလို့ဆိုရသလို ကောင်းကံ မကောင်းကံကိုဖြစ်စေတဲ့ လှုံ့ဆော်မှုစိတ်စေတနာကိုလဲ ကံလို့ ခေါ်ရကြောင်း ဟောထားပါသေးတယ်။

မကောင်းမှုရှောင်တာလဲ ကံကိုမကျူးလွန်တာ၊ ကောင်းမှုဆောင်တာလဲ ကံကိုပြုလုပ်တာဖြစ်တဲ့အတွက် အရာအာလုံးဟာ ကံနဲ့ပတ်သက်နေတာမို့ ကံအမျိုးအစားတွေကိုပါ သိထားဖို့ လိုအပ်လာပြန်ပါတယ်။ ဘုရားရှင်ဟောထားတဲ့ ကံများဟာ သုတ္တန်လာ ကံသုံးမျိုး၊ အဘိဓမ္မာလာ ကံတစ်မျိုး စုစုပေါင်း လေးမျိုး ရှိပါတယ်။

ကံဟူသည်

သုတ္တန်နည်းလာကံသုံးမျိုးထဲမှာလဲ လုပ်ဆောင်မှုအနေနဲ့ဖြစ်တဲ့ကံ (ကိစ္စ)က (၄)မျိုး၊ အကျိုးပေးပုံအနေနဲ့ဖြစ်တဲ့ကံ (ပါကဒါန)က(၄)မျိုး၊ အကျိုးပေးရာ အချိန်ကာလ အနေနဲ့ဖြစ်တဲ့ကံ (ပါကကာလ)က(၄)မျိုး ဆိုပြီး သုံးအုပ်စု (ကံ ၁၂မျိုး) ကွဲပြားပါသေးတယ်။ အဘိဓမ္မာနည်းအရကွဲပြားတဲ့ ကံကတော့ အကျိုးပေးရာဘုံဌာန အနေနဲ့ဖြစ်တဲ့ (ပါကဌာန) ကံ(၄)မျိုးသာရှိပါတယ်။ စိတ်ထဲမှာ စတင်ကြံစည်၊ ကိုယ်နဲ့ စတင်လုပ်ဆောင်၊ နှုတ်နဲ့ စတင်ပြောဆိုပြီ ဆိုတာနဲ့ ကိစ္စကံ စဖြစ်ပြီ ပြောရမှာပါ။ လုပ်ဆောင်မှုအနေနဲ့ဖြစ်တဲ့ ကိစ္စကံဖြစ်ပြီဆိုရင်တော့ ကံ အထမြောက်လာတာမို့ အကျိုးပေးဖို့လဲ နီးစပ်လာပြီပြောရတော့မှာပါ။ ဆက်မလုပ်ပဲရပ်လိုက်ရင်တော့ သက်သာတာ ပေါ့။ ကံနဲ့ပတ်သက်ပြီးရှင်းသွားအောင် ဇယားနဲ့ပြပေးထားပါတယ်။

| ကမ္မစတုက္က (ကံ ၄-မျိုး) | | | |
|---|---|---|---|
| နည်း | ကမ္မစ တုက္က | -ကံ | သဘောအဓိပ္ပါယ် |
| သုတ္တန်နည်း | ကိစ္စစတုက္က | -ဇနကကံ<br>- ဥပတ္ထမ္ဘကကံ<br>- ဥပပီဠကကံ<br>- ဥပဃာတကကံ | -စတင်ဖြစ်စေတဲ့ကံ(ကု၊အကု)<br>-ထောက်ပံ့ပေးတဲ့ကံ (ကု ၊အကု)<br>-နှိပ်စက်ညှဥ်းပန်းတတ်တဲ့ကံ<br>-ကုကံ၊အကုကံကိုသတ်တတ်တဲ့ကံ |
| | ပါကဒါနစတုက္က | -ဂရုကံ<br><br>-အာသန္နကံ<br>-အာစိဏ္ဏကံ<br>-ကဋတ္တာကံ | ကံတစ်ပါးတို့မတားနိုင်ရာအားကြီးတဲ့ ကံ(ကု၊အကုကံ)<br>သေခါနီးပြုလုပ်မိသောကံ<br>အစဥ်မပြတ်ပြုလုပ်ထားသောကံ<br>ပြုလုပ်သည်ဆိုရုံမျှဖြစ်သောကံ |

| | | | |
|---|---|---|---|
| | ပါကကာလစတုက္က | -ဒိဋ္ဌဓမ္မဝေဒနီယကံ<br><br><br>-ဥပပဇ္ဇဝေဒနီယကံ<br><br><br>-အပရာပရိယ<br>ဝေဒနီယကံ<br><br><br><br>-အဟောသိကံ | ယခုဘဝမှာအကျိုးပေးသောကံ<br>(ကုသ၊အကုသ)ပထမဇောစေတနာ<br>ဒုတိယဘဝတွင်အကျိုးပေးသောကံ<br>(သတ္တမဇောစေတနာ)<br>တတိယဘဝမှစကာ နိဗ္ဗာန်<br>မရောက်ခင်အထိအကြောင်း<br>တိုက်ဆိုင်မှအကျိုးပေးသောကံ<br>(အလယ်ဇောငါးချက်)<br>အကြောင်းမတိုက်ဆိုင်၍အကျိုးမ<br>ပေးတဲ့ကံ |
| အဘိဓမ္မာနည်း | ပါကဋ္ဌာနစတုက္က | -အကုသိုလ်ကံ<br><br><br>-ကာမကုသိုလ်ကံ<br><br><br><br>-ရူပကုသိုလ်ကံ<br>-အရူပကုသိုလ်ကံ | အပါယ်ဘုံမှာအကျိုးပေး<br>(အကုစေတနာ)<br>ကာမသုဂတိ(၇)ဘုံမှာအကျိုးပေး<br>(ကာမကုသိုလ် ၈ ပါး)<br>ရူပ (၁၆)ဘုံမှာအကျိုးပေး (ရူပ ကု ၅)<br>အရူပ(၄)ဘုံမှာအကျိုးပေး(အရူကု ၄) |

## ကံရှင်းလင်းချက်

ကောင်းတာလုပ်လုပ် မကောင်းတာလုပ်လုပ် စလုပ်ပြီဆိုတာနဲ့ ကံကိုစတင်လိုက်တာမို့လုပ်ဆောင်မှုအနေနဲ့ဖြစ်တဲ့ကံ(၄)မျိုးထဲက ဇနကကံ စဖြစ်ပြီလို့ဆိုရမှာပါ။ အကျိုးအပြစ်သိလို့ ရပ်လိုက်ရင်တော့ ဖြစ်သွားတဲ့ကံကိုထောက်ပံ့ရာမရောက်တဲ့အတွက် ဥပတ္ထမ္ဘကကံမဖြစ်တော့ပါဘူး။ဆက်လုပ်မယ်ဆိုရင်တော့ ကံကရှင်သန်လာရတာမို့ ဒါကို ထောက်ပံ့တဲ့ ဥပတ္ထမ္ဘကကံဖြစ်တယ်လို့ပြောတာပါ။ကံကိုဆက်လုပ်နေရင် ကံအားကောင်းအောင်လုပ်နေတာနဲ့တူတာမို့ ကောင်းကံအားကောင်းရင် မကောင်းကံအားနည်းသွားရတာ မကောင်းကံအားကောင်းနေရင် ကောင်းကံအားနည်းသွားရတာဟာ ဥပပီဠကကံဖြစ်နေတာပါ။ကိုယ်လုပ်လိုက်တဲ့ကံက မကောင်းတဲ့ဖက်မှာ ကံငါးပါးကျူးလွန်မိတာမျိုး ကောင်းတဲ့ဖက်မှာ

ကံဟူသည်

ဈာန်တရား မဂ်တရားရတာမျိုးဟာ ကံကအားကောင်းလွန်းတဲ့အတွက် ကံငါးပါး ကျူးလွန်မိရင်ကောင်းကံများကိုသတ်သလိုဖြစ်သွားပါတယ်။ပြီးတော့ဈာန်တရား မဂ်တရားရမယ်ဆိုရင် မကောင်းကံများကို သတ်သလိုဖြစ်သွားပြန်ရော။ဒါကို သတ်တတ်တဲ့ကံ (ဉပဃာတကကံ) လို့ခေါ်တာပါ။

ကံကိုကျူးလွန်ထားရင် အကျိုးပေးဖို့အလှည့်ရောက်လာပါတော့တယ်။လုပ်မိ ကျူးလွန်မိတဲ့ကံက မကောင်းတဲ့ဖက်မှာ ကံကြီးငါးပါးဖြစ်တဲ့ အမေကိုသတ်တာ အဖေကိုသတ်တာ ရဟန္တာကိုသတ်တာ ဘုရားကိုဒုက္ခရောက်အောင်နာကျင် အောင်လုပ်တာ ပြီးတော့ ရဟန်းသံဃာများကို နှစ်ဖက်ကွဲအောင်လုပ်တာတွေ ဟာကြီးမားလွန်း အားကြီးလွန်းတဲ့ကံတွေမို့ မကောင်းတဲ့ ဂရုကံလို့ခေါ်ရတာပါ။ ကောင်းတဲ့ဖက်မှာဆိုရင်လဲ တရားအားထုတ်ရင်း ဈာန်ရသွားတာ မဂ်ရသွားတာ ဟာကြီးမား အားကြီးတဲ့ကံများဖြစ်ပါတယ်။ဒါကိုကောင်းတဲ့ဂရုကံလို့ခေါ်ပါတယ်။ အသေနဲ့ဖက်နေတဲ့လူများအတွက် သေခါနီးမှာ ကောင်းတာကိုကြားပြီးကောင်း စိတ်လေးဖြစ်တာ သားကောင်းသမီးရတနာများက ကောင်းမှုတွေပြုလုပ်ပေးလို့ ကောင်းစိတ်တွေဖြစ်သွားတာဟာ အာသန္နကံ လို့ခေါ်ပါတယ်။ဒီကံကလဲ သေးသေးကြီးကြီး ဘ၀တစ်ခုကိုတော့ကောင်းကောင်းပေးနိုင်ဖြစ်စေနိုင်ပါတယ်။ သေခါနီးအချိန်သားကောင်းသမီးရတာနာများက အမွေနဲ့ပတ်သက်ပြီးငြင်းနေတဲ့ အသံကိုကြားလို့ပဲဖြစ်ဖြစ် မိဘတွေသေခါနီးရောဂါခံစားနေရတာကို ဝမ်းနည်းလို့ ငိုနေတဲ့အသံကိုကြားလို့ပဲဖြစ်ဖြစ် အဲဒါတွေဟာ မကောင်းတဲ့ အာသန္နကံကိုဖြစ် စေနိုင်ပါတယ်။ပြီးတော့ အသက်ရှင်နေတုန်းကာလမှာ ဒါနကိုမပြတ်လုပ်နေတာ သီလကို မကြာမကြာဆောက်တည်တာ တရားကို မကြာခဏအားထုတ်တာမျိုး ကိုမပြတ်လုပ်နေတဲ့ကံ (အာစိဏ္ဏကံ) မွေးနေတယ်လို့ခေါ်တာပါ။ သေခါနီးကံမ ရှိရင်တော့ မပြတ်လုပ်တဲ့ကံက အကျိုးပေးမှာပေါ့။တခါတလေ ခရီးသွားတုန်း အမှတ်မထင်တောင်းသူတွေကိုပေးလိုက်တာမျိုး မသိလိုက်မသိဘာသာလုပ်မိ တဲ့ကောင်းကံမကောင်းကံမျိုးဟာကံဖြစ်တယ်ဆိုရုံလေးသာဖြစ်လို့ကဋ္ဌတ္တာကံလို့ ခေါ်ရပါတယ်။ဒီကံကတော့ အကျိုးပေးဖို့အတော့်ကိုအားနည်းပါတယ်။ကံထဲ မှာအားအကြီးဆုံးနဲ့ အကျိုးပေးဖို့အမြဲဆုံးကတော့ ဂရုကံပဲဖြစ်ပါတယ်။

ကံတွေလုပ်မိလို့ အကျိုးပေးတတ်တဲ့ကံ အားအကြီးအသေး စေတနာပြင်းထန် မပြင်းထန် အလုပ်ခံရသူ မြတ်မမြတ်အလိုက် အကျိုးပေးဖို့ အချိန်ဆိုတာရောက် လာတတ်ပြန်ရော။စေတနာပြင်းထန်လွန်းတယ် အပြုခံကကိလေသာကင်းစင် သူများဖြစ်နေရင်တော့ မကောင်းကံဖြစ်ဖြစ် ကောင်းကံဖြစ်ဖြစ် အခုဘဝမှာတင် အကျိုးပေးရတော့တာပါ။ဒါကို ဒိဋ္ဌဓမ္မဝေဒနီယကံ=အခုဘဝမှာတင်လက်ငင်း အကျိုးခံစားရတဲ့ကံလို့ခေါ်ပါတယ်။ပြုလုပ်သူရဲ့စေတနာပြင်းမပြင်းအပေါ်မူတည် ပြီးအကျိုးပေးကလဲ အနေးအမြန်ကွာသွားရပါတယ်။ကိုယ်လုပ်တဲ့ကံကြောင့် နောက်ဒုတိယဘဝမှာ အကျိုးပေးမယ်ဆိုရင်တော့ ဥပပဇ္ဇဝေဒနီယကံပေါ့။ တတိယဘဝကစပြီး နိဗ္ဗာန်မရောက်ခင်အချိန်အကြား လုပ်မိလို့ပျောက်ပျက်မ သွားတဲ့ ကောင်းကံမကောင်းကံများဟာ အကြောင်းတိုက်ဆိုင်ရင် အကျိုးပေး လာရပါတော့တယ်။ဒါကို အပရာပရိယဝေဒနီယကံ တတိယဘဝစတဲ့ဘဝတစ်ခု ခုမှာ အကြောင်းတိုက်ဆိုင်မှ အကျိုးခံစားရမယ့် ကံလို့ခေါ်ပါတယ်။အကြောင်း တွေမတိုက်ဆိုင်လို့ စေတနာက အားနည်းလွန်းလို့ အခုဘဝမှာလဲ အကျိုးမပေး ဒုတိယနဲ့တတိယစတဲ့ဘဝမှာလဲ အကျိုးမပေးတဲ့ ကံကိုတော့အဟောသိကံ လို့ခေါ်ရပြန်ရော။အကျိုးပေးရာဘုံအနေနဲ့ကတော့ မကောင်းတာလုပ်ရင် အပါယ်လေးဘုံရောက်မယ်။ကောင်းတာလုပ်တယ်ဆိုတာတောင် ဒါနနဲ့သီလ ပဲလုပ်နေမယ်ဆိုရင်တော့ ကာမသုဂတိ(၇)ဘုံကိုရောက်မှာပါ။တရားအားထုတ် လို့ ရူပဈာန်ရမယ်ဆိုရင်တော့ ရူပ(၁၆)ဘုံပေါ့။အရူပဈာန်ရသွားရင်တော့လဲ အရူပ (၄)ဘုံကို ရောက်ရမှာပေါ့။

## ၁။ မကောင်းမှုရှောင်နှင့် ၃။ ဖြူအောင်စိတ်ကိုထား

ရိုးရှင်းတဲ့နည်းလမ်းတွေထဲမှာ အတွေးခက်အလုပ်ခက်တဲ့အရာတွေပါနေတတ် ပြန်ပါတယ်။ဗုဒ္ဓကမကောင်းမှုကိုမလုပ်ဖို့နည်းလမ်းပေးခဲ့ပါတယ်။အဖြေကတော့ သတ္တဝါတွေဆင်းရဲကြမှာကို မလိုလားလို့ပါပဲ။မကောင်းမှုကိုရှောင်ရုံနဲ့ကောင်းမွန် ဖြူစင်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရတော့မှာလားလို့မေးခဲ့ရင်တော့ ဖြူအောင်

ကံဟူသည်

စိတ်ကိုထားပြီးကောင်းမှုကိုဆောင် ဖို့လဲလိုအပ်ပါသေးတယ်လို့ ထပ်ဆောင်းဖြေကြားရမှာပါပဲ။

ဒါဆို သတ္တဝါတွေရဲ့ ဆင်းရဲမှုကိုဒိုင်ခံ ကန်ထရိုက်ယူ ပြုလုပ်ပေးနေတာကတော့ မကောင်းမှုကံတွေပဲဆိုတာ သေချာနေပြီပေါ့။ကံနဲ့ပတ်သက်ပြီး ဘုရားရှင်ဟောကြားထားတာကတော့ မကောင်းမှုကို ပြုလုပ်ပြောဆိုကြံစည်မှုကြောင့် ဆင်းရဲဒုက္ခရောက်ကြရတဲ့ သတ္တဝါတွေဒုနဲ့ဒေးထဲက ထင်ရှားတဲ့အဖေကိုသတ်ပြီး မင်းလုပ်ခဲ့တဲ့ အဇာတသတ်မင်းအကြောင်းလေးကို ကံအုပ်စု(၄)စုနဲ့ သုံးသပ်ကြည့်ရင် မိမိတို့လုပ်ခဲ့တဲ့ကံ လုပ်နေဆဲကံ နောင်ထပ်လုပ်ဦးမဲ့ကံတွေကို အကြောင်းနဲ့ အကျိုးတွဲပြီးနားလည်သွားမှာပါ။

အဇာတသတ်မင်းသားဟာ ဆရာပေါင်းမှားတာကြောင့် မတွေးသင့်မကြံသင့် မလုပ်သင့်တာကိုလုပ်ဖို့ အကြောင်းဖန်လာပါတယ်။ဒါကို(က)အုပ်စုလုပ်ဆောင်မှုကြောင့်ဖြစ်တတ်တဲ့ကံ(၄)မျိုးနဲ့ သုံးသပ်ကြည့်ရမယ် ဆိုရင်

၁။မင်းဖြစ်ချင်တယ်ဆိုတဲ့အတွေးတစ်ခုနဲ့အဖေကိုဒုက္ခပေးဖို့ကြံစည်လာတာဟာ မကောင်းကံကို ဖြစ်စေတာပါပဲ (ဇနကကံ=ဖြစ်စေသည့်ကံ)။

၂။အဖေပဲလေဒါမလုပ်သင့်ပါဘူး စတဲ့အတွေးကောင်းမဝင်ပဲ မကောင်းတဲ့အတွေးနဲ့ပိုမိုဒုက္ခပေးဖို့အမိန့်ပေးလာတာဟာမကောင်းကံကိုအားကောင်းအောင်ထောက်ပံ့ပေးလိုက်တာပါ (ဥပတ္ထမ္ဘက=နောက်တစ်ခါထပ်လုပ်အောင်သို့မဟုတ် မကောင်းမှုအားကောင်းအောင် ထောက်ပံ့ပေးသည့်ကံ)

၃။အဖေနေကောင်းနေရင်ကျန်းမာနေရင်ငါ့ရဲ့မင်းအဖြစ်ဟာမသေချာဘူးဆိုတဲ့အတွေးနဲ့အဖေကိုနှိပ်စက်ညှဉ်းပန်းဖို့ထိအမိန့်ပေးလိုက်တာဟာသူ့ရဲ့မကောင်းကံကအားကြီးလာတာမို့အတိတ်ကလုပ်ခဲ့တဲ့ကောင်းမှုကံများကိုညှိုးနွမ်းအောင် ဖိစီးနှိပ်စက်လိုက်တာပါ (ဥပပီဠကကံ= နှိပ်စက်ညှဉ်းပန်းဖိနှိပ်တတ်သည့်ကံ)

၄။နောက်ဆုံးအသက်ရှင်သန်နေရင် စိတ်မချရဘူးဆိုတဲ့ ဒေဝဒတ်ရဲ့အကြံ ပေးချက်ကြောင့် အဖေကိုသတ်လိုက်တာဟာ သူ့ရဲ့သောတာပန်ဖြစ်မဲ့ ကုသိုလ်ကံအကောင်းစားကိုသတ်လိုက်တာနဲ့အတူတူပါပဲ။(ဉပဃာတကကံ=ကောင်းမှုကံကိုသတ်လိုက်မှု သို့မဟုတ်အဆုံးသတ်စေမှု)။လုပ်ဆောင်မှုအနေနဲ့ဖြစ်တတ်တဲ့ကံအုပ်စုထဲမှာအဆိုးဆုံးဖြစ်တဲ့ မိမိပြုလုပ်ခဲ့ ပြုလုပ်ဆဲ ပြုလုပ်ဦးမယ့်ကောင်းမှုကံအားလုံးကို သတ်လိုက်ခြင်းဆိုတဲ့ နံပါတ် (၄) ဉပဃာတကကံကိုကျူးလွန်လိုက်တာနဲ့ နောက် (ခ)အုပ်စု အကျိုးပေးပုံအနေနဲ့ဖြစ်တတ်တဲ့ကံ (၄)မျိုးဖြစ်တဲ့

၁။ ကြီးမားလို့ဘယ်ကံကမှမတားနိုင်တဲ့ကံ (ဂရုကံ) ၂။ သေခါနီးမှာပြုလုပ်တဲ့ ကံ (အာသန္နကံ) ၃။ ရက်ရှည်လများကြာရှည်စွာလုပ်တဲ့ကံ (အာစိဏ္ဏကံ) ပြီးတော့ ၄။ မသိလိုက်မသိဘာသာလုပ်မိတဲ့ကံ (ကဋတ္တာကံ) ကံ(၄)ခုထဲက အပြင်းဆုံးဖြစ်တဲ့ ၁။ ဂရုကံကိုပြုလုပ်ပြီးသားဖြစ်သွားပါတယ်။အဲလိုလုပ်ခဲ့တဲ့အဇာတသတ်အတွက် ငရဲဂတိမြဲတယ်လို့ပြောလို့ရပါတယ်။အကြောင်းကတော့ဂရုကံဟာ အကျိုးပေးမဲ့ကံထဲမှာ အားအကောင်းဆုံးဖြစ်နေလို့ပါပဲ။ဒါကြောင့်အဇာတသတ်ဟာ သာမညဖလသုတ်ကိုနာရပြီးနောက် အသိတွေပြောင်းအလုပ်တွေကောင်းခဲ့ပေမယ့်လို့သေပြီးနောက်ငရဲကိုပဲရောက်ရတာပါ။သူလုပ်ခဲ့တဲ့ကံကိုအကျိုးပေးရာကာလအနေနဲ့ကြည့်မယ်ဆိုရင်
၁။အခုဘဝမှာတင်အကျိုးပေးနိုင်တဲ့ကံ(ဒိဋ္ဌဓမ္မဝေဒနီယကံ) ၂။သေပြီးနောက်နောက်ဘဝအတွက်သေချာစေတဲ့ကံ(ဉပပဇ္ဇဝေဒနီယကံ) ၃။ဘယ်ဘဝရယ်လို့တိတိကျကျမရှိပဲ အကြောင်းတိုက်ဆိုင်မှအကျိုးပေးမယ့်ကံ(အပရာပရိယဝေဒနီယကံ)နဲ့ ၄။အကြောင်းမတိုက်ဆိုင်လို့ အခုဘဝ နောက်ဘဝ နောက်နောင်ဘဝ တွေမှာအကျိုးမပေးနိုင်တဲ့ကံ(အဟောသိကံ)ဆိုပြီး(၄)မျိုးရှိပေမယ့်လို့ နောက်ဘဝအတွက်သေချာစေခဲ့တာမို့ ဉပပဇ္ဇဝေဒနီယကံကတာဝန်ယူသွားတာပါ။အဖေကိုသတ်ပေမဲ့ ဒိဋ္ဌဓမ္မအကျိုးမပေးတာက အကြောင်းတွေအားလုံး မတိုက်ဆိုင်တာကြောင့်ပါ။အခုဘဝမှာတင် အကျိုးပေးနိုင်တဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံက အကျိုးပေးဖို့ဆိုရင် အကြောင်းတိုင်ဆိုင်မှုရှိရပါတယ်။ ၁။ ကိလေသာ အရမ်းနည်းနေတဲ့ အနာဂါမ် သို့မဟုတ် ကိလေသာကုန်နေတဲ့

ကံဟူသည်

ဘုရားရဟန္တာဖြစ်ခြင်း ၂။ ကိလေသာကင်းရာ နိဗ္ဗာန်ကိုအာရုံပြု၍ (၇) ရက်တိတိ တရားအားထုတ်ရာမှ ထပြီးကာစဖြစ်ခြင်း ၃။ကျူးလွန်သည့်ပုဂ္ဂိုလ်သည် စိတ်ယုတ်မာရှိခြင်း နှင့် ၄။ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းဆိုပြီး (၄)မျိုး အကြောင်းဆုံရပါတယ်။ပြီးတော့ အကျိုးပေးရာဘုံဌာန ကံတရားအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် ၁။အပါယ်ဘုံ၌အကျိုးပေးနိုင်သောအကုသိုလ်ကံ ၂။ ကာမသုဂတိဂုဘုံ၌အကျိုးပေးနိုင်သောကာမကုသိုလ်ကံ ၃။ရူပ ၁၆ ဘုံ၌အကျိုး ပေးနိုင်သောရူပကုသိုလ်ကံနှင့် ၄။အရူပလေးဘုံ၌အကျိုးပေးနိုင်တဲ့ အရူပ ကုသိုလ်ကံဆိုပြီး (၄)မျိုးရှိသည့်အနက် အဇာတသတ်က အကုသိုလ်ကို လုပ်ခဲ့သည့်အတွက် အကုသိုလ်အကျိုးပေးရာ ငရဲဘုံကိုပဲရောက်ရတာပါ။ အဇာတသတ်ဟာ လူပေါင်းမှားပြီးနောက်ကောင်းတာ မကောင်းတာကိုမသိလို့ မိုက်မှားခဲ့ပေမယ့် ဘုရားရဲ့တရားကိုနာပြီးနောက် အသိတွေပြောင်းလာ ပြီးနောက် စိတ်ကိုအဖြူစည်ဆုံးထားခဲ့တဲ့အတွက် အဖေကိုသတ်ခဲ့တဲ့ ဂရုကံရဲ့အကျိုးပေးရာ အဝီစိငရဲကိုမရောက်ပဲ သက်တမ်းတိုဒုက္ခသက်သာတဲ့ လောဟကုမ္ဘီငရဲကိုပဲ ရောက်ရပါတယ်။နောက်စိတ်ထားဖြူစင်တဲ့ အကျိုးဆက် အနေနဲ့ငရဲကလွတ်ပြီးနောက် ဝိဇိတာဝီပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်တဲ့။ ဒါကြောင့်မကောင်းမှုကို လုပ်ခဲ့မိတယ်ဆိုရင်တောင် စိတ်ထားလေးဖြူစင်နေဖို့ တကယ်အရေးကြီးပါတယ်။

လူ့လောကမှာနေတဲ့လူသားများဟာမကောင်းမှုကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖြစ်စေ ဆရာဆီကရတဲ့နည်းများနဲ့ဖြစ်စေ ရှောင်ကြဉ်တတ်ကြပါတယ်။တချို့ဆိုငါးပါး သီလကိုအမြဲလိုလိုဆောက်တည်တတ်ကြပါတယ်။မကောင်းမှုကိုရှောင်ကြဉ်တာ ပေါ့။ဒါပေမယ့်မကောင်းမှုကို ရှောင်ကြဉ်တဲ့နေရာမှာ စိတ်ထားဖြူစည်ဖို့တကယ် အရေးကြီးတယ်ဆိုတာသိပြီးဖြစ်မှာပါ။အဇာတသတ်ဝတ္ထုကို ကြည့်ရင်သိနိုင် ပါတယ်။

ဒါကြောင့်ငါရှောင်တဲ့မကောင်းမှုများဟာ သို့မဟုတ်ငါဆောက်တည်တဲ့သီလဟာ စိတ်ထားဖြူစင်မှုပါရဲ့လားဆိုတာကိုပါ သုံးသပ်တတ်ဖို့လိုအပ်လာပြန်ပါတယ်။

ပြီးတော့မကောင်းမှုကိုဖြစ်စေတတ်တဲ့ ကံနဲ့ပတ်သက်ပြီး ကာယကံဝစီကံ မနောကံတို့ကိုပါ သိထားဖို့လိုအပ်ပါတယ်။ကိုယ်နဲ့လုပ်နိုင်တဲ့ ကာယကံက ၁။အသက်သတ်မှု (ပါဏာတိပါတ) ၂။ပိုင်ရှင်မပေးတဲ့ပစ္စည်းကို ခိုးယူလိမ်ညာလုည့်ပတ်ကာယူမှု (အဒိန္နာဒါန) ၃။မသွားလာသင့်သောမိန်းမ(၂၀)၌ သွားလာမှု (ကာမေသု မိစ္ဆာစာရ) ဆိုပြီး(၃)မျိုး နှုတ်ပြောဝစီကံက ၁။လိမ်ညာပြောဆိုမှု ၂။ကုန်းတိုက်စကားပြောမှု ၃။ကြမ်းတမ်းစွာဆဲရေးတိုင်းထွာပြောဆိုမှု (ဆဲရေးတိုင်းထွာခြင်းသာမကစကားကို ကြမ်းကြမ်းတမ်းတမ်း ပြောခြင်းလဲပါဝင်) နှင့် ၄။အနှစ်မဲ့အကျိုးမဲ့စကားကို ပြောဆိုမှုဆိုပြီး(၄)မျိုးနဲ့ စိတ်ကြံမနောကံက ၁။သူများဥစ္စာကိုအချောင်လိုချင်မှု သို့မဟုတ် သူများစီးပွါးပျက်အောင်ကြံစည်မှု ၂။သူများနာကြဉ်အောင် ဒုက္ခရောက်အောင်ကြံစည်အားထုတ်မှုနှင့် ၃။မှားယွင်းတဲ့အယူရှိမှုဆိုပြီး(၃)ပါး စုစုပေါင်းမကောင်းကံကိုဖြစ်စေတဲ့အကြောင်းတရား (၁၀)ပါး ရှိပါတယ်။ကိလေသာနဲ့ ဆွေမျိုးဖြစ်နေတဲ့ ပုထုဇဉ်လူသားဟာ မကောင်းမှုနဲ့ယှဉ်ပြီး မကောင်းတာကို လုပ်ဖို့အဆင်သင့်ဖြစ်နေတတ်ပါတယ်။ မကောင်းဖြစ်မှာကိုကြောက်လို့ မကောင်းတာကို ရှောင်တာတော့ဟုတ်ပါရဲ့ ကိုယ်တိုင်ပါဝင်ပါတ်သက်မှုမရှိပေမယ့် အကြံပေးတာမျိုး ကြိတ်ပြီးဝမ်းသာနေတာမျိုး သဘောတူတာမျိုး ဟာစိတ်ဖြူစင်မှုမရှိတဲ့အတွက် မကောင်းတာကို လုပ်တဲ့သူနဲ့အတူတူ အကျိုးတွေကိုရတတ်တယ်ဆိုတာမေ့မထားသင့်ပါဘူး။ ထပ်တူအကျိုးရမယ်လို့မဆိုလိုပါဘူး။ပါဏာတိပါတ=သူ့အသက်သတ်မှုနဲ့ပတ်သက်ပြီးဥပမာပြောရမယ်ဆိုရင် ကိုယ်တိုင်တော့သူများအသက်ကို မသတ်ပေမဲ့ သူများကိုနာကျင်အောင်လုပ်လိုက်တာမျိုး သူများစိတ်ထဲနာကျင်သွားအောင် ပြောလိုက်တာမျိုးဟာ စိတ်ထားဖြူစင်မှုမရှိဘူးဆိုတာကို သက်သေပြနေသလို အကျိုးပေးတဲ့အချိန်မှာလဲ အသက်မသတ်ခဲ့တဲ့အတွက် အသက်ရှည်မှာမှန်ပေမဲ့ နာကျင်အောင်လုပ်ခဲ့တဲ့အတွက် ကျန်းမာရေးချို့တဲ့တတ်သလိုစိတ်နာကျင်အောင်ပြောခဲ့တဲ့အတွက် စိတ်ဆင်းရဲမှုကို မကြာခဏ ခံစားရတတ်ပါတယ်။

ဒါကမကောင်းမှုကို ရှောင်ခဲ့တာမှန်ပေမယ့်လို့ ဖြူအောင်စိတ်ကိုမထားခဲ့တဲ့ အကျိုးဆက်ပါ။ဒါကြောင့်မကောင်းတာကိုရှောင်ရုံသာမဟုတ်ပဲ စိတ်ထားဖြူစင်

ဖို့ပါလိုအပ်ပါတယ်။ဘဝဆက်တိုင်း ပါဏာတိပါတရှောင်ကြဉ်ရခြင်း အကျိုးကို ကောင်းကောင်းမွန်မွန်ပြည့်ပြည့်ဝဝရချင်တယ်ဆိုရင်ပေါ့။ဒီအတိုင်းပါပဲ ကျန်တဲ့ မကောင်းတဲ့ကံ(၉)ပါးကိုရှောင်ကြဉ်ရာမှာလဲ စိတ်ထားလေးဖြူစဉ်မှုရှိမရှိဆိုတာ ကိုပါထည့်တွက်ဖို့လိုအပ်ပါတယ်။

***အထူးမှတ်ရန်***။ ။ကံကိုလုပ်တဲ့နေရာမှာ ကိုယ်နဲ့လုပ်ရတဲ့ ကာယကံ နှုတ်နဲ့ပြောရတဲ့ ဝစီကံ စိတ်မှာဖြစ်တဲ့ မနောကံ ဆိုပြီးသုံးမျိုးရှိတာပါ။ အဲဒီသုံးမျိုးထဲမှာ မကောင်းတဲ့ အမေသတ်ခြင်းစတဲ့ ကံကြီးငါးပါးဖြစ်တဲ့ အားကြီးတဲ့ဂရုကံကို ကျူးလွန်ဖို့ဟာ ကာယကံနဲ့မှကျူးလွန်လို့ရတာပါ။စိတ်နဲ့အမေကိုသတ်နေခြင်းစတာ တွေဟာ မကောင်းတဲ့ဂရုကံကြီး မဖြစ်နိုင်ပါဘူး။အမေအဖေကိုဒုက္ခရောက်စေ ချင်တဲ့စိတ်ရှိနေမယ်ဆိုရင်တော့ ဂရုကံမဖြစ်ပေမယ့် မနောကံထဲက ဗျာပါဒဖြစ် နေတာမို့ မနောကံတော့ထိုက်တာပေါ့။မကောင်းတဲ့ဂရုကံကို ကာယကံနဲ့မှသာ ကျူးလွန်လို့ရတာကြောင့် ကာယကံကအပြစ်ကြီးတယ်လို့ဆိုနိုင်ပါတယ်။ ဒီထက် ပိုအပြစ်ကြီးတာကတော့ (ဂရုကံမဖြစ်ပေမဲ့) လူတဲ့အတွက် အကျိုးမရှိဘူးစတဲ့ အကြောင်းကင်းရာကိုယူတဲ့ အဟေတုကဒိဋ္ဌိ သေပြီးနောက်ဘဝမြဲတယ် သေသွားတဲ့ ဝိညာဏ်လေးဟာ ခန္ဓာသာပြောင်းသွားတယ် ဝိညာဏ်မပြောင်း ဘူးလို့ယူဆတဲ့ သဿတဒိဋ္ဌိ သေပြီးရင်ဘာမှမဖြစ်တော့ဘူး ကောင်းကံမ ကောင်းကံဆိုတာလဲ ပြတ်သွားတယ်လို့ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ စတဲ့မှားယွင်းတဲ့ မိစ္ဆာအယူကိုယူမိတဲ့ ယုံမိတဲ့မနောကံပါပဲ။အယူမှားတဲ့မနောကံက အမေသတ် ခြင်းစတဲ့ ကံကြီးထိုက်တဲ့ ကာယကံသမားထက် အပြစ်ကြီးတယ်လို့ဆိုရတာ ကတော့အမေသတ်ခြင်းစတဲ့ ကာယဂရုကံကိုကျူးလွန်မိတဲ့သူတစ်ယောက်ဟာ ကမ္ဘာပျက်တာနဲ့ကြုံရင် မကောင်းကံကလွတ်နိုင်ပေမယ့်လို့ မှားယွင်းတဲ့အယူကို ယူမိသူကတော့ကမ္ဘာအသစ်ကို ပြောင်းပြီးငရဲခံရပါသတဲ့။ဒါကြောင့်မိစ္ဆာမှားယွင်း တဲ့အယူကိုယူမိထားသူအတွက်ဆိုရင်တော့ ကာယကံထက်မနောကံက ပိုမို အပြစ်ကြီးပါတယ်။ကောင်းတဲ့ဖက်မှာဆိုရင်တော့ ကာယကံ ဝစီကံတို့ထက် မနောကံက အဆပေါင်းများစွာသာလွန်ပါတယ်။တရားအားထုတ်တဲ့သူတစ် ယောက်ဟာ စိတ်ကိုတည်ငြိမ်အောင်လုပ်နေရုံနဲ့တင် စိတ်ထဲမှာ လောဘစတဲ့

ကိလေသာတွေမရှိတာမို့ ဒါနကိုတစ်သက်လုံးလုပ်နေတာထက် ခဏတရား ထိုင်ခြင်းက ပိုမိုမြင့်မြတ်ပါသတဲ့။ရျာန်ရသွားတယ်ဆိုရင်တော့ ကောင်းမှု မနောကံဟာ အကျိုးအကြီးဆုံးပေါ့။ရျာန်ရတဲ့မနောကံထက် မဂ်ရသွားတဲ့ မနောကံက ပိုပြီးအကျိုးကြီးမားပါသေးတယ်။အနည်းဆုံး သောတာပတ္တိမဂ်ရ ရုံနဲ့တင် ဘဝမြဲသွားတာကြောင့်ပါ။ဒါကြောင့် ကံသုံးပါးထဲမှာ မကောင်းတဲ့ဖက်မှာ မနောကံဟာ အပြစ်အကြီးဆုံးနဲ့ (မိစ္ဆာဒိဋ္ဌိအယူကိုယူရင်ပေါ့။မိစ္ဆာဒိဋ္ဌိအယူ မရှိဘူးဆိုရင်တော့ ကာယကံဟာအပြစ်အကြီးဆုံး) ကောင်းတဲ့ဖက်မှာလဲ မနောကံသာ အကျိုးအများဆုံးဖြစ်ပါတယ်။

လူသားချင်းအတူတူ ကံကိုဖြစ်စေခဲ့(ဇနကကံ)တာလဲအတူတူ ပြီးတော့နောက် ထပ်ဖြစ်အောင်ပါလုပ်တာ(ဉပတ္ထမ္ဘက)ချင်းလဲအတူတူပေမယ့် အကျိုးခံစားရတဲ့ အချိန်မှာ ကွဲပြားသွားရတာကတော့ စိတ်ထားယုတ်မာမှု စိတ်ထားဖြူစင်မှုက စကားပြောသွားတာပါပဲ။အရှုပ်ထဲမှာ ရှင်းအောင်မနေနိုင်သေးတာမို့ မကောင်း တာကိုလုပ်ရပေမယ့်လို့ စိတ်ထားလေးဖြူစင်နေတယ်ဆိုရင် မကောင်းကျိုးက ဘယ်လိုနည်းနဲ့မှ ကြီးလေးတဲ့(ဂရုကံ)ဖြစ်လာစရာ အကြောင်းမရှိပါဘူး။

ဂရုကံဖြစ်နိုင်တာက ၁။အမေကိုသတ်တာ ၂။အဖေကိုသတ်တာ ၃။ကိလေသာ ကင်းစင်တဲ့ရဟန္တာကိုသတ်တာ ၄။ဘုရားခန္ဓာကိုယ်ကိုထိခိုက်အောင်လုပ်တာ နဲ့ ၅။ဘုရားရဲ့သားတော်များဖြစ်တဲ့ ရဟန်းများကိုနှစ်ဖက်ကွဲအောင်လုပ်တာတွေ ဟာဂရုကံကိုဖြစ်စေနိုင်ပါတယ်။ဂရုကံသာဖြစ်သွားပြီဆိုရင် လုပ်ထားသူအတွက် ဂတိကမြဲသွားတာမို့ အကျိုးပေးရာကာလကံအနေနဲ့ဆို နောက်ဘဝအတွက် အကျိုးပေးမယ့် ဉပပဇ္ဇဝေဒနီယကံသာဖြစ်တော့တာပါ။

ဆိုလိုတာက ပြင်ရခက်ပြီး ခံဖို့သာပြင်ထားရမယ့်ကံဆိုပါတော့။ဒါကြောင့်လဲပဲ အဇာတသတ်မင်း မသေခင်နဲ့သေခါနီးအထိ ကောင်းမှုတွေကိုအားသွန်ခွန်စိုက် ကြိုးစားလုပ်ခဲ့ပေမယ့်လို့ ငရဲကိုပဲရောက်ရတော့တာပါ။မသေခင်မပြတ်လုပ်ခဲ့တဲ့ ကံ(အာစိဏ္ဏကံ)နဲ့ သေခါနီးလုပ်ခဲ့တဲ့ကံ(အာသန္နကံ)က အားသေးတာမို့ အား ကြီးတဲ့ဂရုကံကို မယှဉ်နိုင်ပဲအရှုံးပေးလိုက်ရတာပါ။မယှဉ်နိုင်အရှုံးပေးခဲ့ရပေမဲ့

လုပ်ခဲ့တဲ့အကြောင်းကောင်းတွေအတွက် အကျိုးယုတ်စရာတော့ လုံးဝမရှိပါဘူး။ အဇာတသတ်မင်းဟာ အဖေသတ်ခဲ့တဲ့ကံကတအားကြီးမားလွန်းတယ် ငရဲကို ရောက်ကိုရောက်ရတော့မယ်ဆိုတာကို သိနေပေမယ့်လို့ ကောင်းမှုကိုမနား တမ်းအသက်ထက်ဆုံးလုပ်သွားခဲ့ပါတယ်။ဒါကနောက်ဘဝမှာ အသုံးချလို့မရနိုင် ပေမယ့် ငရဲကလွတ်ပြီးတတိယဘဝမှာ ကံကိုသေချာအောင်လုပ်ခဲ့ပြင်ဆင်ခဲ့တာ ပါ(အပရာပရိယဝေဒနိယကံကိုသေချာအောင်လုပ်ခဲ့)ဒါကြောင့်လူသားများဟာ အဇာတသတ်ရဲ့ နောက်မဆုတ်စတမ်းလုပ်ခဲ့တဲ့ဝီရိယကို အားကျပြီးအတုယူ လိုက်လုပ်သင့်ပါတယ်။

ပြီးတော့လူသားရဲ့ သဘာဝအပြစ်တွေကျူးလွန်တတ်ကြပေမယ့်လို့ ကိုယ့်အနီး ပတ်ဝန်းကျင်မြင်မြင်ရာကိုသာစွဲပြီး မကောင်းမှုလုပ်တတ်ကြတာမို့အပြစ်ကြီးငယ် ဖြစ်စေနိုင်တဲ့အရာတွေကိုသိထားဖို့လိုအပ်ပြန်ရော။ဘာလို့ဆို လူသားများဟာ လောဘ=လိုချင်ဖြစ်ချင်တယ်ဆိုရင်တောင် နတ်ပြဟ္မာစည်းစိမ်ချမ်းသာမျိုးကိုရ အောင်မလုပ်တတ်ပါဘူး။တခါ ဒေါသ=မကျေနပ်မှုဖြစ်တယ်ဆိုရင်လဲပဲ ငရဲသား တို့နတ်ပြဟ္မာတို့နဲ့ပတ်သက်ပြီးမဖြစ်ပြန်ဘူး လူသားဟာသူတို့ရဲ့ အနီးဆုံးမှာ နေတဲ့သတ္တဝါတွေအပေါ်မှာသာအလွယ်တကူပြစ်မှားကျူးလွန်တတ်ကြပါတယ်။ လောဘဖြစ်ရင်လဲ လူသားအချင်းချင်းခံစားတွေ့ကြုံရတဲ့ ပစ္စည်းဥစ္စာနဲ့ပတ် သက်ပြီးဖြစ်သလို ဒေါသဖြစ်ရင်လဲ တိရစ္ဆာန်နဲ့လူသားမှာသာဖြစ်တတ်ပါတယ်။ ဒါကြောင့် အပြစ်ကျူးလွန်ခဲ့ရင် အပြစ်ကြီးကြီးမဖြစ်ရအောင် အပြစ်ကျူးလွန်ရင် အကျိုးပေးနိုင်တဲ့ ပုဂ္ဂိုလ်(၁၄)ဦးကို သိအောင်လုပ်ထားသင့်ပါတယ်။သူတို့တွေ ကတော့ ၁။တိရစ္ဆာန် ၂။သီလမဲ့လူ ၃။သီလဖြူစဉ်သူ ၄။ရှာန်ရသူ ၅။၆။၇။၈။ မဂ္ဂဈာန်လေးယောက် ၉။၁၀။၁၁။၁၂။ ဖလဈာန်လေးယောက် ၁၃။ပစ္စေကဗုဒ္ဓါ နဲ့ ၁၄။ဘုရားရှင်တို့ပဲဖြစ်ပါတယ်။ဒီပုဂ္ဂိုလ်(၁၄)ယောက်ထဲမှာ သာမန်ပုဂ္ဂိုလ်ဖြစ်တဲ့ တိရစ္ဆာန်အပေါ်မှာ အပြစ်တွေကျူးလွန်ခဲ့မယ်ဆိုရင် သူတို့အပေါ်ထားတဲ့ စိတ်ထား ပြုတဲ့အပြုအမူ သူတို့ရဲ့အကျင့်နဲ့ပတ်သက်ပြီး အပြစ်ကအကြီးအသေး ကွာသွားပါသေးတယ်။ဆင်တစ်ကောင်ကိုသတ်တာနဲ့ ခြင်တစ်ကောင်ကိုသတ် တာဟာအားထုတ်ရတဲ့လုံ့လ စိတ်ထဲမှာဖြစ်နေတဲ့ အကုသိုလ်စိတ်ကြာမကြာ

လိုက်ပြီးအပြစ်က ကွာခြားသွားရတာပါ။ပြီးတော့ သူတို့ရဲ့သဘာဝအလိုက် ကျင့်နေတဲ့အကျင့်နဲ့ပတ်သက်ပြီးလဲ အကျိုးခံရမှုကကွာသွားရပြန်ရော။

ဘုရားဟောတရားတော်များအရတချို့တိရစ္ဆာန်များဟာလဲသီလစောင့်လေ့ရှိတာ မို့အပြစ်ကျူးလွန်မိရင်ပိုမို အပြစ်ကြီးတတ်ပါတယ်။ပြီးတော့သီလမဲ့လူသားထဲမှာ လဲပဲကိုယ့်အပေါ်ကျေးဇူးရှိမရှိ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီး အပြစ်ကအကြီး အသေးကွာသွားရပါသေးတယ်။ဉပမာ သီလမဲ့တဲ့ကိုယ့်ရဲ့မိဘအပေါ်မှာ ကိုယ် နှုတ်စိတ်နဲ့ ပြစ်မှားပြုမူပြောဆို တွေးကြံမိတာဟာ အခြားသီလမဲ့သူကိုအပြစ် ကျူးလွန်တာထက်ပိုအပြစ်ကြီးပါတယ်။ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာလူသား အားလုံးထဲမှာကိုယ့်အပေါ်မေတ္တာစေတနာအကြီးဆုံးနဲ့ ကျေးဇူးအများဆုံးသူတွေ ဖြစ်နေလို့ပါပဲ။

## မိဘကိုပြစ်မှားတာ ပိုမိုအပြစ်ကြီးကြောင်း

ခေတ်ရဲ့ပြောင်းလဲလာတဲ့အခြေအနေအရ တချို့မသိတဲ့လူတွေဟာအတွေးမှား နေကြတတ်ပါတယ်။မိဘကငယ်ငယ်ကတည်းက ထားသွားတာမို့ဘာမှကျေးဇူး မရှိဘူးလို့တွေးတာတမျိုး မိဘကသူတို့သွေးသားရဲ့ တောင်းဆိုမှုကြောင့် ဖြစ်လာတဲ့ သားသမီးကို တာဝန်ယူရတာဘာဆန်းလဲ ဒါကသူတို့ရဲ့ တာဝန်ပဲ ငါတို့အပေါ်ကျေးဇူးဘာများ များများစားစားရှိလို့လဲဆိုတာမျိုးတစ်ဖုံတွေးတတ်ပါ သေးတယ်။ဟုတ်ပါတယ်။မိဘတွေဘယ်လိုပဲ လုပ်ခဲ့လုပ်ခဲ့ကိုယ့်ကို အသက် မသေအောင် မွေးမြူပေးခဲ့တဲ့ကျေးဇူးကတော့ လောကမှာ စီးပွားရေးအောင်မြင် အောင်ထောက်ပံ့ပေး ပညာရေးတိုးတက်အောင် အကူအညီပေးခဲ့သူတွေထက် အဆများစွာ ကျေးဇူးကြီးမားနေသေးတယ် ဆိုတာကိုမေ့မထားသင့်ပါဘူး။ ဘာလို့လဲဆိုတော့ ထောက်ပံ့သူ ကူညီသူတွေဆိုတာဟာ ကိုယ်အသက်ရှင် မနေရင် ထောက်ပံ့လို့ရမှာမဟုတ်သလို ကိုယ်ကိုယ်တိုင် အသက်ရှင်မနေ ပညာတော်မနေဘူး ဆိုရင်ကူညီမဲ့သူလဲရှိမှာမဟုတ်လို့ပါပဲ။ကူညီသူထောက်ပံ့ သူတွေဆိုတာ အပင်ပေါက်လာမှ ရေလာလောင်းသူတွေမို့ မျိုးစေ့ကနေအပင်

ပေါက်အောင်လုပ်ပေးခဲ့တဲ့ ဉယာဉ်မှူးတွေလောက်တော့ ဘယ်လိုမှကျေးဇူးမများ ပါဘူး။သံသရာအရေးမှာ ဒုက္ခတွေဝေးအောင်သင်ပြပေးခဲ့အသိပေးခဲ့တဲ့သူတော့ မပါဘူးပေါ့။မိဘကတစ်ဘဝစာအကျိုးများအောင် ကျေးဇူးပြုခဲ့ပေမယ့် ဒုက္ခ ဝေးအောင်အသိမှန်ကိုပေးခဲ့သူက ဘဝပေါင်းများစွာအတွက်အကျိုးများအောင် လုပ်ပေးခဲ့လို့ပါပဲ။ဒါကချွင်းချက်ပေါ့။အသိပေးသူကိုဆရာနေရာမှာ ထားရင်လဲ မမှားဘူးပေါ့။လောကီအတွေးနဲ့ လောကီအရေးကိုပဲသင်ပေးပြ ပေးတဲ့ဆရာကို မဆိုလိုပါဘူး။သူတို့ကထိုက်သင့်သလောက် ကျေးဇူးရှိပေမယ့်တစ်ဘဝစာ အတွက်ပဲသင်ပြပေးနိုင် သူတွေမို့မိဘလောက်တောင်ကျေးဇူးမများကြပါဘူး။ ဒါကြောင့်မိဘရဲ့အမှား မိဘရဲ့ကိုယ်ကျင့်တရားနည်းပါးမှုကိုကြည့်ပြီး ကျေးဇူး မဆပ်ချင်ရင်နေပါ အပြစ်မပြောမိ အပြစ်မကျူးလွန်မိဖို့အရေးကြီးပါတယ်။

ကျူးလွန်လို့ ရလာနိုင်တဲ့အပြစ်တွေကတော့ ကိုယ်ကိုယ်တိုင်မိဘဖြစ်တဲ့အချိန် သားကောင်းသမီးကောင်းမရနိုင်တာမျိုး သားသမီးအပေါ်မှာကိုယ်ဘယ်လောက် ကောင်းကောင်းသားသမီးက ဘယ်တော့မှအကောင်း မမြင်တာမျိုးပတ်ဝန်းကျင် မှာဂုဏ်ငယ်ရတာမျိုး သေပြီးနောက်အပါယ်ရောက်နိုင်တဲ့ အကျိုးမျိုးတွေကို ဖြစ်စေတတ်ပါတယ်။

ဒါကြောင့် မိဘနဲ့ပတ်သက်ပြီး အပြစ်ကိုတွေးကြံ ပြောဆိုပြုလုပ်မိတဲ့ ဖြစ်စေတဲ့ကံ(ဇနကကံ)လေးတောင် မဖြစ်စေသင့်ပါဘူး။ဇနကကံဖြစ်ခဲ့တယ်ဆို ရင်တောင်မကောင်းမှုကို ထောက်ပံ့ပေးတဲ့ကံမျိုး(ဥပတ္ထမ္ဘကကံ)မျိုး ထိရောက် အောင်လုံးဝလုံးဝမရောက်စေသင့်ပါဘူး။ဒါက သီလမဲ့လူသားထဲက လူသား အတော်များများကြုံရတတ်တဲ့ ပြဿနာလေးတွေပါ။တကယ်လို့များ မိဘက သာသီလပြည့်စုံနေမယ်ဆိုရင်တော့ ပြောမိလုပ်မိတွေးကြံမိတဲ့ သားသမီးများ အတွက်ကောင်းကျိုးထက် ဆိုးကျိုးများတော့မယ်ဆိုတာ သိထားလိုက်ပါတော့။ လုပ်မိခဲ့ပြီးပြီဆိုရင်လဲ မိဘတွေ လောကထဲကထွက်မသွားခင် တောင်းပန်ထား လိုက်ပါ။လုပ်ထားတဲ့အပြစ်တွေ ပျောက်သွားတဲ့အထိမရနိုင်ပေမဲ့ အပြစ်တွေပေါ့ သွားတာပေါ့။ပျောက်တဲ့အထိမရနိုင်တာကတော့ ကံရဲ့သတ္တိတွေကြောင့်ပါ။

ဒါကြောင့် မကောင်းတာကိုဆိုရင် ရှောင်ကြဉ်ရင်းနဲ့ စိတ်ထားဖြူစင်ဖို့ပါ ဘုရားရှင်ကညွှန်ကြားခဲ့တာပေါ့။ကံတွေက သူ့ကိုမွေးဖွားလိုက်ပြီဆိုရင်ပျောက် မသွားတော့ပဲ ကြီးအောင်သာကြိုးစားနေတတ်တာပါ။ဒါကြောင့်လဲပဲ ဘဝမှာသုခ ထက်ဒုက္ခကများနေတာလေ။ဒါကလဲဘဝအဆက်ဆက်မှာ အကျိုးပေးနိုင်တဲ့ အပရာပရိယဝေဒနီယကံရဲ့အစွမ်းပေါ့။လူသားထဲက လူသားများဖြစ်တဲ့ ရဟန်း သာမဏေအပေါ်မှာလဲ အပြစ်တွေမကျူးလွန်မိဖို့ မမေ့ကြပါနဲ့။

## သီလမဲ့ရဟန်းသာမဏေများ၏ လူသာမန်ထက်သာလွန်သည့်ဂုဏ်များ

သီလမရှိသူ သီလရှိသူ တွေထဲမှာအပါဖြစ်တဲ့ ရဟန်းသာမဏေများဟာ တကယ်လို့သူတို့ရဲ့ကိုယ်ပိုင်သီလတွေ ချွတ်ယွင်းနေပျက်စီးနေခဲ့တယ်ဆိုရင် တောင်သီလရှိ လူကိုကျူးလွန်တဲ့အပြစ်ထက် ပိုမိုကြီးမားတယ်ဆိုတာလေးကို ပါအဆစ်မှတ်သားစေချင်ပါတယ်။သီလမရှိတဲ့ ရဟန်းသာမဏေများအပေါ်မှာ ကျူးလွန်လို့ရလာတဲ့အပြစ်ကြီးသွားရခြင်းအကြောင်းက ရဟန်းသာမဏေများ ဟာ ရတနာသုံးပါးကိုယုံကြည်ဆဲဖြစ်ခြင်း ဘုရားဟောတရားတော်များကို သင်နေခြင်း ကြားနာနေခြင်း သီလရှိသူရဟန်းသာမဏေများနဲ့အတူနေခွင့် ရှိခြင်း ကဲ့ရဲ့ခံရမှာစိုးလို့အပြစ်ကိုကွယ်ရာ၌သာကျူးလွန်ခြင်း ရဟန်းသာမဏေ များအပြစ်ကိုကျူးလွန်နေပေမယ့်လို့ တခါတရံ ကမ္မဋ္ဌာန်းကိုရှုနေတတ်ခြင်း လူတွေကဲ့ရဲ့မှာစိုးလို့ ကိုယ်နှုတ်ကိုစောင့်စည်းနေခြင်းစတဲ့ဂုဏ်တွေအပြင် သီလမဲ့ရဟန်းသာမဏေများဟာ အပြစ်ကင်းတဲ့သင်္ကန်းကိုဝတ်နေဆဲဖြစ်ခြင်း ဘုရားအရိယာတို့နဲ့အသွင်အပြင်တူခြင်း ရဟန်းသံဃာအပေါင်းသို့ကပ်ရောက် နိုင်ခြင်း ရတနာသုံးပါးကိုကိုးကွယ်နေခြင်း တရားအားထုတ်သူတို့နေရာ ကျောင်းကန်၌နေခြင်း ဘုရားသာသနာတော်ကြာရှည်စွာ တည်တံ့စေရန်စောင့် ထိန်းပေးခြင်း ဘုရားရှင်၏တရားတော်များကို ဟောကြားနေခြင်းတရားသာ ကိုးကွယ်ရာရှိခြင်းနှင့်ဘုရားရှင်သာ အမြတ်ဆုံးဟု အယူရှိခြင်းတို့ကအလှူရှင်

ကံဟူသည်

များရဲ့လှူခဲ့တဲ့ ကုသိုလ်ကံကိုပိုမိုတိုးတက် အကျိုးများစေနိုင်တာကြောင့်ပါ။ ကျန်တဲ့အရိယာပုဂ္ဂိုလ်(၈)ယောက်နဲ့ ပစ္စေကဗုဒ္ဓါဘုရားရှင်တို့အပေါ်မှာပြစ်မှား ပြောဆိုမိတာကတော့ အပြစ်အကြီးဆုံးပေါ့။အပြစ်နဲ့မကင်းနိုင်သေးတဲ့လူသား များအတွက် အပြစ်ကိုကျူးလွန်မိခဲ့မယ်ဆိုရင်တောင် အသိတွေရှိနေတဲ့အတွက် ကြီးမားတဲ့အပြစ်ကို သေးသွားအောင်လုပ်ဖို့ပဲလိုတာပါ။အပြစ်ကိုမကျူးလွန်ရင် မနေနိုင်တာကလွဲလို့ဆိုတဲ့သူများအတွက်ပါ။ကံကိုသိနေတော့ကံကိုသေးအောင် လုပ်လို့ရတာပေါ့။မသိရင်အပြစ်သေးသေးကို လုပ်ခဲ့တယ်ဆိုရင်တောင်မှလွဲမှား တဲ့အတွေးများကြောင့် မကောင်းတဲ့ လားရာကို ဦးတည်သွားမိနေတတ်ပါတယ်။

ပြောင်းလဲလာတဲ့ခေတ်ကြီးမှာ အလွယ်တကူတွေး အလွယ်တကူလုပ်တတ်တဲ့ အကျင့်တွေနဲ့ မသိသလိုတစ်မျိုး သိသလိုတစ်ဖုံ လုပ်မိနေတတ်ကြပြန်ပါတယ်။ အထူးအားဖြင့် ကံအကြောင်းကို ကောင်းကောင်းမသိလေတော့ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှု ပတ်ဝန်းကျင်ရဲ့အတွေးအခေါ်အလေ့အကျင့်တွေက ကိုယ့်ကိုအလွယ် တကူ ကူးစက်ခံရသူများဟာ သွေးသားနဲ့တည်ဆောက်ထားတဲ့ လူသားတွေမို့ သွေးသားရဲ့ဆာလောင်မှုကိုဖြည့်တဲ့နေရာမှာ အတွေးမှားပြီးအလုပ်မမှားစေဖို့ ကာမေသုမိစ္ဆာစာရနဲ့ ပတ်သက်ပြီးသိသင့်တာလေးကိုပါ တဆင့်ပေးဝေလိုက် ပါတယ်။

## ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်

ကာမေသု=ကာမဂုဏ်တရားတို့၌၊ မိစ္ဆာစာရ=မှားယွင်းစွာကျင့်ခြင်းဟုအနက် ထွက်သည်။သိလွယ်အောင် မြန်မာမှုပြုလိုက်သောအခါ သူတစ်ပါးသားမယား ကိုပြစ်မှားကျူးလွန်ခြင်း ဖြစ်သွားသည်။မသွားလာမကျူးလွန်ထိုက်သောမိန်းမ နှစ်ဆယ်ရှိသည်။ *မကျူးလွန်ရသော မိန်းမနှစ်ဆယ်မှာ ၁။မိခင်အုပ်ထိန်းသော မိန်းမ၊ ၂။ဖခင်အုပ်ထိန်းသောမိန်းမ၊ ၃။မိဘနှစ်ပါးလုံးအုပ်ထိန်းသောမိန်းမ၊ ၄။မောင်ကြီးမောင်ငယ်အုပ်ထိန်းသောမိန်းမ၊ ၅။အစ်မညီမအုပ်ထိန်းသော မိန်းမ၊ ၆။ဆွေမျိုးသားချင်းအုပ်ထိန်းသောမိန်းမ ၇။အမျိုးအနွယ်အုပ်ထိန်းသော*

*မိန်းမ၊ ၈။တရားကျင့်ဖော်အုပ်ထိန်းသောမိန်းမ၊* ဤရှစ်ယောက်သော မိန်းမတို့ကားအပျိုများဖြစ်သည်။သူတို့၏ ကာမကိုပိုင်ဆိုင်သူမရှိ၊ စောင့်ရှောက်သူသာရှိ၏။ထို့ကြောင့်ယောကျာ်းတစ်ပါးတို့နှင့် ကျူးလွန်ပျော်ပါးလျှင်ထိုအမျိုးသမီးရှစ်ယောက်တို့မှာ ကာမေသုမိစ္ဆာစာရမဖြစ်။ကျူးလွန်သောယောကျာ်းမှာသာ ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

ဆက်လက်ဖော်ပြမည့် မိန်းမ(၁၂) ယောက်တို့သည်ကား ကာမပိုင်ယောကျာ်းရှိသောအအိုများဖြစ်သည်။ယင်းတို့ကား-*၉။ကိုယ်ဝန်တည်ကတည်းကမှတ်သားသိမ်းဆည်းခံရသောမိန်းမ ၁၀။ဤမိန်းမကိုသွားလာလျှင်ဒဏ်သင့်စေဟုမင်းမိန့်ထုတ်ထားသောမိန်းမ ၁၁။ဥစ္စာဖြင့်ဝယ်ယူပေါင်းသင်းနေသောမိန်းမ။ယောကျာ်းတစ်ယောက်ယောက်ကတစ်ပတ်ဖြစ်စေ၊တစ်လဖြစ်စေငွေပေး၍ပျော်ပါးနေသောပြည့်တန်ဆာမကိုဆိုလိုသည်။ထိုရက်ထိုလအတွင်း တစ်ခြားတစ်ပါးသောယောကျာ်းနှင့်ပျော်ပါးလျှင် ထိုပြည့်တန်ဆာမရော၊ပျော်ပါးသောယောကျာ်းပါကာမေသုမိစ္ဆာစာရဖြစ်သည်။ ၁၂။အလိုတူ၍ပေါင်းသင်းနေသောမိန်းမ၊ ၁၃။ဥစ္စာပေး၍ပေါင်းသင်းနေသောမိန်းမ၊ ၁၄။အဝတ်တန်ဆာပေး၍ပေါင်းသင်းနေသောမိန်းမ၊ ၁၅။လူကြီးစုံရာနှင့်လက်ထပ်ပေါင်းသင်းနေသောမိန်းမ၊ ၁၆။ထင်းခွေ၊ရေခပ်လုပ်ကိုင်နေသောမိန်းမ အားထိုအလုပ်ကိုမလုပ်စေဘဲပေါင်းသင်းနေသောမိန်းမ၊၁၇။မယားပြုထားသောမိန်းမ၊၁၈။မယားပြုထားသောအလုပ်သမ ၁၉။မယားအဖြစ်ပေါင်းသင်းနေသောသုံ့ပန်းမိန်းမ၊ ၂၀။ခေတ္တငှားရမ်းပေါင်းသင်းနေသောမိန်းမတို့ ဖြစ်သည်။*

ယင်းမိန်းမ (၁၂) ယောက်တို့သည် ကာမပိုင်ယောကျာ်းများ ရှိကြသောကြောင့် ယောကျာ်းတစ်ပါးနှင့် ပျော်ပါးလျှင် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရဖြစ်သည်။ မသွားလာကောင်းသော မိန်းမနှစ်ဆယ်ကိုသာ ဟောကြားပြီးမသွားလာကောင်းသောယောကျာ်းနှစ်ဆယ်ကို အဘယ့်ကြောင့်မဟောသနည်း။အဖြေကား ကာမေသုမိစ္ဆာစာရကံကို မိန်းမတို့ဦးဆောင်ကျူးလွန်၍ မဖြစ်နိုင်ပဲယောကျာ်းတို့က ဦးဆောင်ကျူးလွန်မှုဖြစ်နိုင်သောကြောင့်ပေတည်း။ထိုကာမေသုမိစ္ဆာစာရကံထိုက်ရန်အင်္ဂါလေးချက်ရှိသည်။ယင်းတို့ကား *(၁)မသွားလာအပ်သောမိန်းမနှစ်ဆယ်ဖြစ်ခြင်း။(၂)ထိုမိန်းမ၌မှီဝဲလိုစိတ်ရှိခြင်း။(၃)လုံ့လပြုခြင်း၊(၄)သာယာခြင်းတို့ ဖြစ်ပေသည်။*

ကံဟူသည်

ကာမေသုမိစ္ဆာစာရမှရှောင်ကြဉ်လျှင် ချစ်ခင်သူပေါ်များမည်။ပစ္စည်းလေးပါး လာဘ်လာဘပေါ်များမည်။စည်းစိမ်ဥစ္စာချမ်းသာမည်။မြင့်မြတ်သောယောကျာ်း သာဖြစ်ရမည်။အမျိုးမြတ်သာဖြစ်ရမည်။ရုပ်ရည်ချောမောလှပမည်။လက္ခဏာ ကြွန်နှင့်ပြည့်စုံမည်။စိတ်အေးချမ်းသာစွာနေရမည်။ချစ်သောသူနှင့်ပေါင်းသင်း ရမည်ဟူသော ကောင်းကျိုးများကိုခံစားရမည်။

## မိန်းမဖြစ်ရခြင်း အကြောင်းနှစ်ခု

ဘုရားအလောင်းကို ဇနီးမယားအဖြစ်နှင့် ပါရမီဖြည့်ချင်သောကြောင့် ယသော်ဓရာသည် အမျိုးသမီးဘဝကိုသာ ဆုတောင်းခဲ့သည်။ထိုကဲ့သို့မိမိ ဆုတောင်းစိတ်ညွတ်မှုကြောင့် မိန်းမဘဝရောက်ကြရသည်။ကာမေသုမိစ္ဆာစာရ ကံဖောက်ဖျက်မှုကြောင့်လည်း မိန်းမဘဝရောက်ကြရသည်။ဒုတိယအကြောင်း ကြောင့်မိန်းမဘဝရောက်ကြသူပိုများသည်။အမျိုးသားများမခံစားရဘဲအမျိုးသမီး များသာသီးခြားခံစားရသည့် အာဝေဏိကဒုက္ခများရှိ၏။ယင်းတို့ကား ဥတုပန်း ပွင့်ရခြင်း၊ကိုယ်ဝန်ဆောင်ရခြင်း၊မီးဖွားရခြင်း၊သျှောင်နောက်ဆံထုံးပါဟူသော စကားအတိုင်းခင်ပွန်းနောက်သို့လိုက်နေရခြင်း၊ယောကျာ်းတို့၏ ကာမအလိုကို လိုက်ပေးရခြင်းတို့ဖြစ်ပေသည်။ထို့ကြောင့် အမျိုးသမီးများ အမျိုးသားဘဝသို့ ရောက်လိုကြလျှင်ဒါန,သီလ,ကုသိုလ်ပြုသောအခါယောကျာ်းဘဝကို ဆုတောင်း ကြရမည်။မိမိလင်ယောကျာ်းကိုရိုသေမြတ်နိုးစွာပြုစုပေးရမည်။နာရဒဇာတ်တော် ဒေသနာအရအမျိုးသားများသည် ဘဝဆက်တိုင်းအမျိုးသားဘဝသို့သာရောက် လိုလျှင် သူတစ်ပါးသမီးမယားများကိုဖျက်ဆီးခြင်းမှရှောင်ကြဉ်ရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## သိသလိုလို မသိသလိုလိုနဲ့ ကျူးလွန်နေသော အပြစ်များ

ကောင်မလေးများနှင့်ကောင်လေးများမသိသလိုလိုသိသလိုလိုနဲ့ ကျူးလွန်နေ သောအပြစ်များသည်ကြာလေဆိုးရွားစွာဖြစ်လာလေဟုထင်မြင်မိပါသည်။ထိုသို့ ပြုမူခြင်းများသည် သိရဲ့သားနဲ့လုပ်တာလား မသိလို့များ လုပ်နေကြတာလားဟု စဉ်းစားမရ၍ မေထုန်မှုကိစ္စများနဲ့ပတ်သတ်သော သိသင့်သော အကြောင်းအရာ

များကိုအနည်းငယ်တင်ပြပေးလိုက်ပါသည်။အိမ်ထောင်ရှိပြီးသားသူများကကျန် တစ်ပါးသူနဲ့ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်၍အပြစ်ရှိတယ်ဆိုတာ သိကြပေလိမ့်မည်။သိရက်နဲ့မိုက်တာသာဖြစ်ပေမည်။အိမ်ထောင်မပြုသေးသူများ မေထုန်အကျင့်ကို ပြုကျင့်တာသည် အပြစ်မရှိဟုမှတ်ထင်နေသောသူများ ရှိပေလိမ့်မည်။ထို့ကြောင့် ထိုသို့သောသူများ အတွက်တင်ပြပေးပါမည်။

ကာမေသုမိစ္ဆာစာရကံတွင် မပြစ်မှားကောင်းသော မိန်းမ(၂၀)ဆိုတာ ရှိပါတယ်။ ထိုအထဲတွင် အမိ၊ အဖ၊ မိဘနှစ်ပါး၊ အကိုမောင်၊ အမညီမ၊ ဆွေမျိုး၊ အမျိုးအနွယ်၊ သူငယ်ချင်းများ အုပ်ထိန်းသော မိန်းမ(၈)ယောက်အား ကျူးလွန်သော ယောကျ်ား၌ ကာမေသုမိစ္ဆာစာရ အပြစ်ထိုက်၍ကျူးလွန် ခံရသောမိန်းကလေးမှာအပြစ်မထိုက်ပါ။သို့သော်တစ်ချို့သော ယောကျ်ားလေး များကပြောပေလိမ့်မည်။မိန်းကလေးကသဘောတူ၍ ပြုကျင့်တာအပြစ်မရှိဟု၊ တရားဝင်စောင့်ရှောက်သူများ၏ ခွင့်ပြုချက်မရဘဲကာမကို ယူခြင်းကြောင့်အပြစ် ရှိပေသည်။နှစ်ဦးသဘောဖြစ်၍သာ အပြစ်နည်းပါသည်။

ထိုသို့မဟုတ်ဘဲ မိန်းကလေးဘက်ကလည်း သဘောမတူဘဲ ကျူးလွန်လျှင် ထိုသူသည် အပြစ်များစွာ ထိုက်ပေသည်။သီလရှိသော မိန်းကလေးကို ကျူးလွန်မိလျှင် ပို၍အပြစ်များပါသည်။ထို့ကြောင့် ရှေးဆရာကြီးများက "မိန်းမနှစ်ကျိပ်၊ပျော်ကြောင်းသိပ်လည်း၊မအိပ်လေရာ" မိန်းမများကခေါ်အိပ် သည့်တိုင်မိမိကိုယ်ပိုင်မှ တစ်ပါးမိန်းမ(၂၀)နဲ့မအိပ်ကြဖို့ဆုံးမခဲ့ခြင်း ဖြစ်ပေသည်။

မိန်းကလေးများကသူတို့၏ကာမကိုမည်သူကမျှတရားဝင်စောင့်ရှောက်သူများထံ မှလာမတောင်းထားသေးပါက သူတို့ကိုယ်ပိုင်ဖြစ်နေသေး၍ အပြစ်မရှိခြင်း ဖြစ်ပေသည်။စောင့်ရှောက်သူများထံမှ တရားဝင်တောင်းပြီးသောစေ့စပ်ပြီးသော မိန်းကလေးများသည်တစ်ပါးသောယောကျ်ားနဲ့ဖောက်ပြန်ပါကအပြစ်ရှိပေသည်။ ကာမကို ကိုယ်မပိုင်သောကြောင့်တည်း။အခုခေတ်လူငယ်များ မသိ၍ကျူးလွန် မိမှာဆိုးသောကြောင့် တင်ပြပေးလိုက်ခြင်းဖြစ်ပေသည်။တကယ်တော့ ကာမ ဂုဏ်စိတ်ဟာ မိမိရဲ့စိတ်ထိန်းနိုင်မှုပေါ်မှာမူတည်ပါပေသည်။တဏှာကိုပယ် သတ်နိုင်သော ရဟန္တာမဖြစ်သေးသမျှ ပုထုဇဉ်လူသားတိုင်းတွင် ထိုစိတ်များ ရှိပေသည်။ထိုတွင်စိတ်ထိန်းနိုင်မှုနှင့်မထိန်းနိုင်မှုသာကွာပေလိမ့်မည်။စိတ်ထိန်း

နိုင်သောသူသည် အပြစ်မရှိ၍ဒုက္ခမရောက်ပေ။စိတ်မထိန်းနိုင်သောသူသည် ယခုဘဝလည်း ဒုက္ခတွေ့နောင်ဘဝလည်း ဆင်းရဲပေလိမ့်မည်။

## ကံလွတ်အောင်စတိသဘောလက်ထပ်၍မဖြစ်နိုင်

ဘုရားလောင်း မဟာဝေါဓိဥ္စ ပညာရှိအမတ်ဖြစ်စဉ်က အမျိုးတူတရားဝင်မယား အယောက်လေးဆယ်ရှိကြောင်း သုတ္တန်ပိဋကတ် မဟာဝဂ္ဂဒီဃနိကာယ် မဟာဝေါဓိဥ္စသုတ်၌ ဘုရားရှင်ပြန်ဟောပြချက်အရသိရပေသည်။ထိုမဟာ ဝေါဓိဥ္စဝတ္ထုကိုကြည့်ပါက ဘုရားလောင်းတွင် အတိအလင်းယူထားသောမယား လေးဆယ်ရှိသည်မှာ လုံးဝသေချာပေသည်။ထို့အပြင်မြန်မာနိုင်ငံတွင်သာသနာ ကိုကြည်ညိုသော ပဉ္စမသံဃာယနာတင် မင်းတုန်းမင်းကြီးနှင့် ကနောင်မင်းသား တို့တွင် မယားတစ်ယောက်ထက်မနည်းရှိသည်ကို အားလုံးသိထားပြီးဖြစ် ပေလိမ့်မည်။ဘုရားလောင်း, မင်းတုန်းမင်းနှင့်ကနောင်မင်းသားတို့ ယူထားသော မယားများမှာ အရင်မယားကသဘောတူထားသည့်အပြင် လူအားလုံး သိထားသည့် တရားဝင်မယားများသာ။တိတ်တဆိတ်ခိုးယူပေါင်းသင်းထား သောမယားများမဟုတ်ကြပါ။သူတို့က အရင်မယားနှင့်လူအားလုံးသိအောင် ယူထားသည့်အတွက် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် နံပါတ်တစ် စည်းကမ်းအရ အာဂမနိယဝတ္ထု=မသွားလာထိုက်သော မိန်းမဖြစ်ခြင်းစည်းကမ်းကိုကျူးလွန်ရာ မရောက်သည့်အတွက် ကာမေသုကံမထိုက်ခြင်းပါ။ထိုအဖြစ်အပျက်များကို ကြည့်ပါက အိမ်ထောင်ရှိယောကျ်ားတစ်ယောက်က နောက်ထပ်မိန်းမပျိုတစ် ယောက်ကို တိတ်တဆိတ်အရပ်တပါးမှာ တရားဝင်လက်ထပ်ပေါင်းသင်းထား သော်လည်းအရင်မယားကထိုယောကျ်ားကို ကာမအရပိုင်ဆိုင်ထားသည့် အတွက်နောက်မိန်းမယူသည်ကို အရင်မိန်းမသဘောတူမှုမရပါက (မှတ်ချက်။ အရင်မိန်းမကတော့ကိုယ့်ယောကျ်ားနောက်မိန်းမယူမှာကိုတော့သဘောမကျမှာ အမှန်ပါပဲ၊သို့သော်လည်းအရင်မိန်းမကို နောက်မိန်းမယူမည့်အကြောင်းနှင့် နောက်ယူမည့်မိန်းမကိုလည်း မိမိတွင်အိမ်ထောင်ရှိပါကြောင်း အတိအလင်းပြော ကြားထားရပေမည်။အရင်မိန်းမကိုမပြောက ခိုးယူမှုမြောက်သည် နောက်ယူမည့် မိန်းမကို အရင်မိန်းမရှိကြောင်း မပြောကလည်းခိုးယူမှုပင်တည်း) သို့မဟုတ် တိတ်တဆိတ်ခိုးယူပေါင်းသင်းပါက ကံထိုက်သည်ဟုမှတ်ယူရပေမည်။ကံမ ထိုက်အောင် စတိသဘောလက်ထပ်ထားလို့မဖြစ်နိုင်ပါ။လက်ထပ်ခြင်းဟာ

တရားဝင်လုပ်ရသည့်အတွက် ကံလွတ်အောင်လေးရှောင်ရှုံလုပ်လို့ မရတဲ့အမှု ဖြစ်ပါတယ်။စတိသဘောလက်ထပ်ထားခြင်းဟာလဲ ခိုးယူပေါင်းသင်းမှုသာ ဖြစ်သည့်အတွက် ကံထိုက်တယ်လို့မှတ်ယူပါ။ယောကျာ်းတစ်ယောက်ဟာ ဖောက်ပြန်ခြင်းထက် ကံလွတ်အောင် မိန်းမ၂ယောက်၃ယောက်ယူလို့ရတယ် ဆိုတာအပေါ်ကဘုရားဟော သာဓကကသက်သေခံထားပါတယ်။ဒါပေမယ့် တရားဝင်အသိပေးထားဖို့တော့ လိုအပ်ပါလိမ့်မယ်။အရင်မိန်းမရောနောက်ယူ မယ့်မိန်းမအပါအဝင် အရပ်ကလူများပါပေ့ါ။တိတ်တဆိတ်ယူတာဟာအရင် ကာမပိုင်ကိုလိမ်ညာရာရောက်သည့်အတွက် ကံထိုက်မှာကတော့အသေအချာ ပါပဲ။ဒါကြောင့်၂ယောက်၃ယောက်ယူလိုသူများ သစ္စာတရားကိုလက်ကိုင်ထားပြီး လောကကိုရဲရဲရင်ဆိုင်မယ်ဆိုရင်တော့ကံမမြောက်နိုင်ပါဘူး၊တနည်းအားဖြင့် ပြောရမယ်ဆိုရင်စိတ်ထားဖြူစင်မှုရှိတယ် ဆိုရင်တော့နောက်ထပ်မိန်းမများကို ပါယူနိုင်ပါတယ်။

## မကောင်းမှုကိုရှောင်လို့ရနိုင်တဲ့အကျိုး

တကယ်တော့ မကောင်းမှုကိုရှောင်တယ်ဆိုတာ မကောင်းကျိုးကိုခံစားရမှာစိုးလို့ပါ။မကောင်းတာဟာ လုပ်တုန်းကကောင်းလေသယောင်ယောင် ရှိပေမယ့်ခံရတဲ့ အလှည့်ကျတော့တကယ့်ကို မကောင်းတော့ပါဘူး။အကျိုးဆိုတာအကြောင်းကံကြောင့်ဖြစ်လာရတာမို့ အကျိုးဖြစ်စေတဲ့ မကောင်းတဲ့စိတ်အကြောင်းလေးများကိုပါသိထားသင့်ပါသေးတယ်။မကောင်းတဲ့စိတ်တွေထဲမှာ လောဘ=လိုချင်မှု ဟာနေရာအယူဆုံးပဲ ထင်ပါတယ်။လိုချင်မှုချစ်ခင်မှုတမ်းတမှုစွဲလမ်းမှုစတဲ့လောဘရဲ့အာရုံတွေဟာမကျေနပ်မှု ဒေါသကိုပါဆွပေးတတ်ပြန်ရော။လိုချင်မှုစတာနဲ့ မကျေနပ်မှုတွေကို ထစ်ခနဲဖြစ်လိုချင် ထစ်ခနဲဖြစ်သဘောမကျ ဖြစ်အောင် နောက်ကနေကြိုးကိုင်လှုပ်ရှားပေးနေတဲ့ အရာကတော့ မောဟ=အသိလွဲမှုပါပဲ။ မောဟအသိလွဲတယ်ဆိုတာ မြင်ရတဲ့ရုပ်တရားကို ရုပ်လို့မမြင်ပဲချောတယ် လှတယ်ငါသဘောကျတဲ့အရာပေ့ါ စသည်ဖြင့် အမြင်နဲ့ပတ်သက်ပြီးလွဲမှားနေသလိုအကြားနဲ့လဲလွဲမှားသွားရပါတယ်။အတိုချုပ်ပြောရမယ်ဆိုရင်အာရုံငါးပါးနဲ့ ပတ်သက်ပြီးလွဲမှားအောင် ထိန်းချုပ်နေသူပေ့ါ။အဲလိုလွဲလို့ပဲမယူသင့်တာကို ယူပြီးမစွဲသင့်တာကိုစွဲတော့လိုချင်မှု မကျေနပ်မှုတွေက အားကောင်းလာရတော့တာ။လောဘလိုချင်နှစ်သက်စွဲလမ်းတပ်မက်မှုတွေ ဖြစ်နေတုန်းမှာလောဘ

ဖြစ်နေတဲ့သတ္တဝါဟာ သူနစ်သက်စွဲလမ်းရာအာရုံကနေမခွါတော့ပဲ ရအောင်ကြိုးစားကြတော့တာပါ။စွဲလမ်းခဲ့တဲ့တရားရဲ့တန်ပြန်အကျိုးပေးရာကတော့သူ့ကိုစွဲလမ်းခဲ့သူကို သေပြီးနောက်တောင်မှစွဲလမ်းမှုနဲ့ဝေးရာကို သွားခွင့်မပေးပဲအနီးဆုံးနေရာမှာ သရဲပြိတ္တာဖြစ်စေတော့တာပါပဲ။သားစွဲသမီးစွဲရင်တော့အိမ်မှာကပ်နေရမှာပေါ့။ပစ္စည်းစွဲအလုပ်စွဲရင်တော့ အလုပ်နဲ့ပစ္စည်းနားမှာကပ်နေရတော့မှာပါ။ဒေါသမကျေနပ်မှုဖြစ်သူများကတော့ ဖြစ်နေဆဲကာလမှာတောင်ပူလောင်မှုက ရင်ထဲအသဲထဲစိတ်ထဲစွဲလောင်နေတော့တာ။တွေးလိုက်တိုင်းလောင်စေတာဟာလဲ ဒေါသပါပဲ။တန်ပြန်အကျိုးကတော့အမြဲပူလောင်နေရတော့မယ့် ငရဲကိုရောက်စေတာပါ။ငရဲဆိုတာ အအေးဆိုတာလုံးဝမရှိအပူသက်သက်သာရှိတဲ့သီးခြားနေရာတစ်ခုပါ။အတွေးလွှဲစေတဲ့မောဟကြောင့်သတ္တဝါတွေဟာ ထွေထွေထူးထူး ပိုပြီးမတွေးနိုင်တော့ပါဘူး။ကောင်းတယ်ဆိုးတယ်မှားတယ်မှန်တယ်ဆိုတာ မတွေးနိုင်အောင်လုပ်ပေးထားတာမို့တန်ပြန်အကျိုးကတော့ တွေးစရာမရှိပဲ အမြဲဝေးရင်း ပေးရာကိုသာယူရတဲ့တိရစ္ဆာန်ဖြစ်ရတော့တာပါ။တိရစ္ဆာန်ရဲ့ဘဝမှာ ပိုမိုထူးခြားအောင်တွေးဖို့စိတ်ကူးမရှိတော့ပါဘူး။လိမ္မာလှတယ်ဆိုတဲ့တိရစ္ဆာန်တောင်မှ အကြိမ်ပေါင်းများစွာသင်ပေးမှမတတ်ကျတဲ့အသိနဲ့ ပြန်လည်တုန့်ပြန်တာမျိုးပဲရှိတော့တာ။သင်ပေးထားတာတောင်မှတခါတလေမထုံးတက်တေးလုပ်နေတာကိုတွေ့နိုင်ပါသေးတယ်။ဒါတွေဟာမောဟရဲ့ အကျိုးပေးတွေပေါ့။လောဘဒေါသမောဟရဲ့ အကျိုးပေးရာဘုံကိုကြည့်မယ်ဆိုရင်တော့ အပါယ်လေးဘုံပေါ့။လောဘကြောင့် သရဲပြိတ္တာ နဲ့ပြိတ္တာအသုရကာယ်ဖြစ်ရတယ်။ဒေါသကြောင့် ငရဲရောက်ရတယ်။မောဟကြောင့်တိရစ္ဆာန်ဖြစ်ရတယ်။ဘုံတွေဟာဖြစ်စေဖို့ သတ်မှတ်ချက်သက်သက်မဟုတ်ပါဘူး။လုပ်စေဖြစ်စေသူရဲ့ စိတ်အတိုင်းဖြစ်ရတဲ့ကံအကျိုးတွေပါ။မကောင်းမှုကို ရှောင်နေသူတစ်ယောက်ဟာ မကောင်းမှုလို့ သိနေပြီးဖြစ်တဲ့အတွက်မောဟမဖြစ်တော့သလို လိုချင်မှုလောဘကိုလဲငန်းငန်းတက် မလုပ်ဖြစ်တော့ပါဘူး။ပြီးတော့မကျေနပ်မှုကိုလဲ တတ်နိုင်သလောက်မဖြစ်အောင်ထိန်းတော့တာပါ။ဒါကြောင့် မကောင်းမှုရှောင်နေသူများ စိတ်ထားလေးပါဖြူစင်နေပြီဆိုရင်တော့ ရှောင်ရတဲ့အကျိုးက အပါယ်လေးပါးမရောက်ခြင်းဆိုတဲ့သန့်ရှင်းတဲ့အကျိုးကိုရစေမှာပါ။

# အပါယ်ဘုံသားများအသက်တိုရှည်ဖြစ်ရခြင်းအကြောင်း

အပါယ်လေးဘုံကိုရောက်သွားရတဲ့သူများဟာ အကုသိုလ်စေတနာကြီးမကြီးအပေါ်မှာမူတည်ပြီးအကျိုးများမများ အသက်ရှည်မရှည်ဆိုတာဖြစ်လာရပါတယ်။ အပါယ်ဘုံသားထဲမှာ တိရစ္ဆာန်ဟာ အသက်အတိုဆုံးလို့ပြောလို့ရသလို အပါယ်ဘုံမှာ ဘဝအများဆုံးပြောင်းလဲတဲ့ သတ္တဝါလို့ပြောရင်လဲ မှန်မယ်ထင်ပါတယ်။ သူတို့ဟာအသက်တိုသလို မောဟနဲ့ပဲဘဝကိုဖြတ်သန်းနေကြတာမို့ကုသိုလ်ဖြစ်ဖို့အခွင့်အရေးအရမ်းကိုနည်းပါးတာကြောင့်ပါ။ပြီးတော့အလှူလုပ်သူများ ပေးတဲ့ကုသိုလ်အမျှကိုလဲ မျှဝေခံစားခွင့်မရတာကြောင့်လဲပါပါတယ်။လောဘကြောင့် သရဲ နဲ့ ပြိတ္တာအသုရကာယ်တို့လဲ သူတို့ရဲ့လောဘစေတနာအလိုက်အကျိုးနည်း၊များ ကွာသွားရသလို အသက်တိုရှည်ပါ ကွာခြားရပါတယ်။တချို့ဆိုတမနက်လောက်ပဲ အသက်ရှည်ပြီး တချို့ကတစ်ရက်လောက်အသက်ရှည်တတ်ပါတယ်၊တချို့ကတော့ နှစ်ပေါင်းများစွာအသက်ရှည်ရပါတယ်။ဒါကြောင့် တိရစ္ဆာန်၊ သရဲ(ပြိတ္တာ)၊ အသုရကာယ်(ဝိနီပါတိကအသုရာတနည်းပြိတ္တာအသုရာ)တို့ဟာသက်တမ်းမမြဲကြပါဘူး။အပါယ်ဘုံသားထဲမှာအသက်အမြဲဆုံး သတ္တဝါကတော့ ဒေါသကြောင့်သေရတဲ့ ငရဲသားများပါပဲ။သူတို့လဲသက်တမ်းမြဲတယ်ဆိုရပေမယ့်လို့ တချို့သူများဟာသေခါနီး အာသန္နကံကြောင့်သာ ငရဲကိုရောက်ရပြီး လူ့ဘဝတုန်းက ဒါနသီလမပြတ်လုပ်ခြင်းစတဲ့အာစိဏ္ဏကံကြောင့် ငရဲကအမြန်လွတ်ကြပါသေးတယ်။သေခါနီး သူ့ယောကျ်ား ကောသလမင်းကိုလိမ်ညာခဲ့တာကို မကျေမနပ်ဖြစ်တဲ့စိတ်နဲ့သေခဲ့ရလို့ ငရဲမှာလူ့သက်တမ်းအားဖြင့် (၇)ရက်ခံရပြီး လူ့ဘဝတုန်းက ဒါနသီလမပြတ်လုပ်ခဲ့တာကြောင့် ငရဲကအမြန်လွတ်ပြီး နတ်ပြည်ကိုရောက်သွားတဲ့ မလ္လိကာဝတ္ထုကိုကြည့်ရင် သိနိုင်ပါတယ်။များသောအားဖြင့်တော့ ငရဲကိုရောက်သွားရင်အသက်မြဲကြပါတယ်။ငရဲသက်တမ်းကုန်မှပဲ ငရဲကလွတ်ရပါတော့တယ်။ပြီးတော့ ငရဲသားများငရဲမှာခံရင်းသေသွားလိုက် ငရဲမှာပဲပြန်ဖြစ်လိုက် ဖြစ်ရတာကသူတို့လူ့ဘဝတုန်းကဒေါသကို မပြတ်လုပ်ခဲ့တဲ့ကံ(အာစိဏ္ဏကံ)နဲ့ ငရဲမှာ ဒုက္ခခံရလွန်းလို့သေခါနီးဒေါသဖြစ်တဲ့ အာသန္နကံတို့ကြောင့် ငရဲမှာပဲလုပ်ခဲ့တဲ့ကံကုန်တဲ့အထိပေးဆပ်ရတော့တာပါ။သက်တမ်းမြဲတဲ့ ငရဲရှစ်ထပ်ကို လူ့သက်တမ်း နတ်သက်တမ်းနဲ့တွက်ပြထားပါတယ်။အောက်မှာပြထားတဲ့ ဇယားကိုလေ့လာကြည့်ပါ။

ကံပဟူသည်

# အဋ္ဌရကပ်ရေတွက်နည်း

ဆယ်နှစ်သက်တမ်းမှ အသင်္ချေ၊အသင်္ချေမှ ဆယ်နှစ်သက်တမ်းကို အာယုကပ် ဟုခေါ်သည်။အသင်္ချေမှ တဖြည်းဖြည်းဆုတ်၍ ဆယ်နှစ်တမ်း အာယုကပ်တိုင်၊ ၎င်းမှတရွေ့ရွေ့ တက်၍ အသင်္ချေအာယုကပ်တိုင်အောင် အာယုကပ် တက်ကပ် နဲ့ဆုတ်ကပ် တစ်စုံသည် အဋ္ဌရကပ်။(အသင်္ချေတွင် ၁ နောင် သုညပေါင်း ၁၄၀ ရှိသည်ဟုပညာရှင်များဆို)

| ငရဲနှစ်ကို နတ်နှစ်၊ လူနှစ်ဖြင့်ပြပုံ | | |
|---|---|---|
| ငရဲအမည် | ငရဲနှစ် | ငရဲ ၁ရက်ကိုနတ်သက်နှစ် လူတို့နှစ်ဖြင့်ပြပုံ |

| | | |
|---|---|---|
| ၁။ သဉ္ဇိုင်းငရဲ | ၅၀၀ | သဉ္ဇိုင်းငရဲ ၁ရက် = စာတုမဟာရာဇ်နတ်<br>နှစ် ၅၀၀= လူတို့နှစ် ၉ သန်း |
| ၂။ကာဠသုတ်ငရဲ | ၁၀၀၀ | ကာဠသုတ်ငရဲ ၁-ရက် =တာဝတိံသာနတ်နှစ်<br>၁၀၀၀ = လူတို့နှစ် ၃၆ သန်း<br>သံဃာတငရဲ ၁-ရက် = ယာမာနတ်နှစ်<br>၂၀၀၀= လူတို့နှစ် ၁၄၄ သန်း |
| ၃။ သံဃာတငရဲ | ၂၀၀၀ | ရောရုဝငရဲ ၁-ရက် = တုသိတာနတ်နှစ်<br>၄၀၀၀= လူတို့နှစ် ၅၇၆ သန်း |
| ၄။ ရောရုဝငရဲ | ၄၀၀၀ | မဟာရောရုဝငရဲ ၁- ရက် = နိမ္မာနရတိ နတ်နှစ်<br>၈၀၀၀= လူတို့နှစ် ၂၃၀၄ သန်း |
| ၅။မဟာရောရုဝငရဲ | ၈၀၀၀ | တာပနငရဲ ၁ ရက် = ပရနိမ္မိတနတ်နှစ်<br>၁၆၀၀၀ = လူတို့နှစ် ၉၂၁၆ သန်း |
| ၆။ တာပနငရဲ | ၁၆၀၀၀ | |
| ၇။မဟာတာပနငရဲ | အန္တ ရကပ်<br>တစ်ဝက် | |
| ၈။ အဝီစိငရဲ | ၁ အန္တ ရကပ် | |

## ***၂။ကောင်းမှုဆောင် ၃။ ဖြူအောင်စိတ်ကိုထား***

မကောင်းကျိုးနဲ့ဒုက္ခခံစားရမှာကြောက်လို့ မကောင်းမှုကိုရှောင်ရမှာ ဖြစ်သလို ကောင်းမှုကိုလဲ ဆောင်ထားဖို့လိုအပ်ပါသေးတယ်။စိတ်ထားဖြူစင်မှုအပါအဝင် ပေါ့။မကောင်းမှုကိုရှောင်ရုံနဲ့ကောင်းမှုကို လုပ်ရာမရောက်သေးဘူးဆိုတဲ့ဘုရား

ကံဟူသည်

ရှင်ရဲ့တရားတော်တွေက အသိပေးထားတာမို့ပါ။လူဖြစ်ရုံလေးနဲ့မဖြစ်သေးဘူး ပစ္စည်းဥစ္စာပေါဖို့ကျန်းမာဖို့ လိုအပ်သလိုပေါ့။မကောင်းမှုရှောင်တာဟာဘဝမှာ မကောင်းတာတွေ မဖြစ်အောင်ပါ။ကောင်းမှုကိုဆောင်တာကတော့ ဘဝမှာ ပြည့်စုံမှုတွေခြံရံနေစေချင်လို့ပါ။လူသားတိုင်းဟာကျန်းမာပြီးချမ်းသာချင်ကြတာ မို့မကောင်းတာကိုရှောင်ပြီးကောင်းတာကို ဆောင်ဖို့လိုအပ်ပါတယ်။

ကောင်းမှုကိုဆောင်တယ်ဆိုတာဟာလဲ ကိုယ်နှုတ်စိတ် သုံးပါးလုံးနဲ့ လုပ်ရတာမို့ ကံကိုလုပ်တာပါပဲ။ကံဆိုတာ ဘဝအတွက်အဖေါ်ဖြစ်နေလို့ပါပဲ။ကံဆိုမှတော့ ဖြစ်စေတဲ့ဇနကကံ ထောက်ပံ့ပေးတဲ့ဥပတ္ထမ္ဘကကံတွေပဲရှိမှာပေါ့။ဒီကံတွေက လွဲပြီးတခြားကံဖြစ်စရာမှမရှိတာ။ကောင်းတာလဲကံ မကောင်းတာလဲကံလို့ ဘုရားရှင်ဟောခဲ့တာမို့လား။ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထားဆိုတဲ့ အကြောင်းအရာလေးကို ခမ္ဗိကဥပသကာနဲ့ဥပမာပေး ရှင်းပြချင်ပါတယ်။ ခမ္ဗိကဥပသကာဆိုတာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ထင်ရှားခဲ့သူ တစ်ယောက်ပါပဲ။လွန်ခဲ့တဲ့ နှစ် ၂၅၀၀ ကျော်ကဖြစ်ခဲ့တဲ့အဖြစ်အပျက်လေးပေါ့။ ခမ္ဗိကဥပသကာဟာ ပုထုဇဉ်ဖြစ်နေပေမယ့်လို့ ရတနာသုံးပါးကိုအသက်နဲ့လဲ ကိုးကွယ်နိုင်သူတစ်ယောက်ပါ။သူဟာသီလမြဲတယ်။သီလမြဲတယ်ဆိုတာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုတစ်သက်လုံး မကျိုးပေါက်အောင် ထိန်းသိမ်းခဲ့ ရုံမကစိတ်ထားပါ ဖြူစင်နေသူလေ။လုပ်ဆောင်မှုအနေနဲ့ဖြစ်စေရတဲ့ ကံ(၄)မျိုး ထဲမှာအသက်ထက်ဆုံးသီလကိုဆောက်တည်ခဲ့တာမို့ ဖြစ်စေတတ်တဲ့ဇနကကံ အပြင် မြဲအောင်ထောက်ပံ့ပေးတဲ့ ဥပတ္ထမ္ဘကကံကိုပါ လုပ်ထားသူမို့ အကျိုးပေးပုံ အနေနဲ့ ဖြစ်စေတတ်တဲ့ကံ(၄)ပါးထဲက မပြတ်လုပ်ခဲ့တဲ့ အာစိဏ္ဏကံကိုလုပ်ခဲ့ တာမို့ နောက်ဘဝအတွက်သေချာစေတဲ့အကျိုးပေးရာအချိန်ကာလအနေနဲ့ဖြစ် တတ်တဲ့ ကံ(၄)မျိုးထဲက ဥပပဇ္ဇဝေဒနီယကံကို ပိုင်ဆိုင်သွားရတာပါ။ အကျိုးပေးရာ ဘုံအနေနဲ့ဖြစ်တတ်တဲ့ကံ(၄)မျိုးနဲ့ပြန်ကြည့်ရင်တော့ ကာမသုဂတိ (၇)ဘုံကိုရောက်စေနိုင်တဲ့ကာမကုသိုလ်ပေါ့ (လူ့ဘုံနှင့်နတ်ပြည်ခြောက်ထပ်ကို ကာမသုဂတိ ၇ ဘုံဟုခေါ်သည်)။ဒါ့အပြင် ခမ္ဗိကဥပသကာဟာဘုရားသွား ကျောင်းတက်မြဲရုံတင်မဟုတ် အလှူအတန်းပေးကမ်းမှုမှာလဲ ရက်ရောသူ

တစ်ယောက်ပါ။သူတစ်ယောက်တည်းအတွက် ကောင်းအောင်လုပ်တာမဟုတ်ဘူးပဲမိတ်ဆွေများနဲ့သားသမီးများကိုပါ ကောင်းရာမွန်ရာရောက်စေလိုတဲ့စေတနာကြောင့် ကံနဲ့ကံရဲ့အကျိုးကိုယုံကြည်စေပြီးတော့ ရတနာသုံးပါးကိုသက်ဝင်စေသူပါ။ဒါကြောင့် ဒါနဖက်ကကြည့်ရင်လဲ သူဟာ မြဲအောင်ထောက်ပံ့ပေးတဲ့ ဥပတ္ထမ္ဘကကံနဲ့ အမြဲတစေလုပ်တဲ့ အာစိဏ္ဏကကံ ကိုပါမြဲစေသူတစ်ယောက်ဖြစ်ရုံတင်မဟုတ် သားသမီးနဲ့ မိတ်ဆွေများကို အသိပေးသူတစ်ယောက်ဖြစ်ပါတယ်။ပြီးတော့ဘာဝနာကုသိုလ် (ဓမ္မဒေသနာ=တရားအသိကိုမျှဝေအသိပေးခြင်း)ကိုလဲ မပြတ်လုပ်နေသူမို့ လားရာဂတိမြဲသူတစ်ယောက်လို့ပါပြောလို့ရပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ဓမ္မိကဥပသကာကွယ်လွန်ခါနီး ရဟန်းတော်များရဲ့တရားတော်ကိုနာကြားနေတုန်းမှာပဲ နတ်ပြည်ခြောက်ထပ်ကနတ်ရထားများဆိုက်ရောက်ပြီး သူ့နတ်ပြည်ကိုလိုက်ပါင့်၊နတ်ပြည်ကိုလိုက်ပါလို့ အတင်းတိုက်တွန်းခံရတာကြောင့်ပါ။တရားနာတာမပြီးသေးလို့နတ်များရဲ့တောင်းဆိုမှုကို ခဏရပ်တန့်စေလိုတဲ့အတွက်လက်ကာပြရလောက်အောင်ထိကုသိုလ်ကြွယ်သူတစ်ယောက်ပါ။တနည်းပြောရရင်ဘဝခိုင်သူတစ်ယောက်ပေ့ါ။တရားနာနေတုန်းလက်ကာပြတာမို့ တရားစိတ်ဝင်စားတဲ့အဖေတစ်ယောက်သေငယ်ဇောနဲ့မျောကာ တရားဟောသူများကိုလက်ကာပြပြီးတရားကိုရပ်ခိုင်းတယ်လို့တောင် သားသမီးများကအထင်ခံရသူလေ။ကံရဲ့စေရာကံရဲ့အကျိုးကို မယုံနိုင်သူများအတွက်တော့ ယုံမှားစရာ သံသယဖြစ်စရာပေ့ါ။တရားကိုလက်တားပြီးရပ်ခိုင်းမှတော့ သူ့ရဲ့လားရာက အပါယ်လို့လေ။တကယ်တော့ကောင်းမှုကိုဆောင်တဲ့ စိတ်ထားဖြူစင်သူတစ်ယောက်အတွက်ကံခိုင်တာမဆန်းပါဘူး။ကောင်းမှုလုပ်တိုင်း စိတ်ထားဖြူစင်ခဲ့တာကိုး။ကောင်းမှုလုပ်တာဟာ ကောင်းရာသုဂတိရောက်ချင်လို့ ချမ်းသာချင်လို့ ဆင်းရဲမှာကြောက်လို့ဆိုတဲ့ လောဘအတွေး ဒေါသအတွေးတွေမပါပဲ ဒါနကုသိုလ်လုပ်တာဟာ လွတ်မြောက်ချင်လို့ ပစ္စည်းဥစ္စာအလှူခံနဲ့အလှူရှင်များဟာ တစ်နေ့ပျောက်ကွယ်သွားကြရမှာပဲဆိုတဲ့ အနိစ္စအတွေး(ဝိပဿနာဘာဝနာစိတ်)နဲ့ ဒါနကောင်းမှုလုပ်ခဲ့တဲ့အတွက် အလှူရှင်များမှာ

လိုချင်မှုမရှိတော့သလို(အလောဘ) အလှူခံများအပေါ်မှာလဲအယုတ်အလတ် အမြတ်မရွေးမေတ္တာထားနိုင်သွားသလို(အဒေါသ) ဒုက္ခတွေထပ်ဖြစ်ရာဘုံတွေ မှာမဖြစ်ချင်ပဲလွတ်မြောက်ချင်တဲ့စိတ်(အမောဟ=ပညာ)တွေပေါ်ပေါက်လာတာ မို့အလှူနိုင်မြဲပြီး ကောင်းတဲ့ဘဝကိုပိုင်ဆိုင်သွားရတာပါ။ဒါကြောင့်လဲပဲလိုချင်တဲ့ ကောင်းမွန်စွာနေရမယ့် နတ်ပြည်ခြောက်ထပ်ကိုကိုယ်ကြိုက်ရာရွေးချယ်ခွင့်ရခဲ့ တာပေါ့။အဲဒီအကြောင်းကို သားသမီးများကိုပြောပြတော့ မယုံတစ်ဝက်ယုံတစ် ဝက်နဲ့လေ။ကွယ်လွန်ခါနီးမို့ ကယောင်ကတမ်းပြောနေတာလားဆိုတဲ့ သားသမီး များရဲ့အတွေးကိုပယ်ဖျောက်ချင်တာမို့ပန်းကုံးကိုတောင်းပြီးသားသမီးများရဲ့ဆန္ဒ အတိုင်းဘုရားလောင်းများနေထိုင်ရာ တုသိတာနတ်ပြည်ကိုသွားမယ့်ရထားပေါ် မှာအဓိဋ္ဌာန်နဲ့ပန်းကုံးကိုစွပ်ခိုင်းလိုက်ရတာပေါ့။သားသမီးများစိတ်ချယုံကြည်ရပြီ ဆိုမှကိုယ်စိတ်ကြိုက်ရွေးချယ်ထားတဲ့နတ်ပြည်ကိုကွယ်လွန်ပြီးနောက်လာကြိုသူ တွေနဲ့အတူလိုက်သွားပါတော့တယ်။ဓမ္မိကဥပသကာဟာ လူ့ပြည်မှာနေတုန်း အရိယာဖြစ်မသွားပါဘူး။ပုထုဇဉ်ဘဝနဲ့ပဲ အရိယာနေသလိုနေသွားတာပါ။ နတ်ပြည်ရောက် နတ်သားဖြစ်ပြီးမှဘုရားရှင်ရဲ့တရားကိုနာပြီး သောတာပန် ဖြစ်ခဲ့သူပေါ့။သူ့ရဲ့ဖြစ်လာတဲ့ဇနကကုသိုလ်ကံက ထပ်ဖြစ်အောင်ထောက်ပံ့ပေး နေတာမို့ဖြစ်ဖူးခဲ့တဲ့အကုသိုလ်များ မဖြစ်သေးတဲ့အကုသိုလ်များကိုပေါ်မလာ အောင်နှိပ်စက်သလို(ဥပပီဠကကံ)ဖြစ်သွားတာကြောင့် ကောင်းရာသုဂတိကို ကောင်းကောင်းကြီးလားသွားရတာပါပဲ။အဲဒီကံတွေရဲ့ထောက်ပံ့မှုကြောင့်နတ် သားဖြစ်ပြီး သောတာပန်ဖြစ်တဲ့အထိ တရားနာခွင့်ရသွားတာပေါ့။ဒါကြောင့်လဲ ပဲသူ့ရဲ့ကုသိုလ်ကံတွေကအကုသိုလ်ကံတွေကို သတ်လိုက်သလိုဖြစ်သွား တာကြောင့်(ဥပဃာတကကံ)သူဟာဘယ်တော့မှမကောင်းတဲ့ဘုံကိုရောက်စရာ အကြောင်းမရှိတော့ပါဘူး။အရိယာမဂ်ကုသိုလ်မှာမကောင်းတဲ့ဘုံကိုရောက်စေ တတ်တဲ့အကုသိုလ်ကို အမြစ်ပြတ်စေတဲ့သတ္တိပါတာကြောင့်ပါ။ဓမ္မိကဥပသကာ ရဲ့အခြေအနေကို ပြန်သုံးသပ်ရရင်သူဟာကောင်းမှုလုပ်တဲ့နေရာမှာ ကောင်း အောင်လုပ်ခဲ့သလို စိတ်ထားဖြူစင်မှုပါနေတယ်ဆိုတာ ပြောစရာမလိုအောင် ပါပဲ။စိတ်ထားမဖြူစင်သူများရဲ့ ကောင်းကျိုးပေးရာဘုံဟာမမြဲပါဘူး။ကောင်းမှု

ကြောင့်ကောင်းတဲ့ နတ်ဘုံရောက်ချင်ရောက်မယ် ကံကုန်ရင်အောက်ဆင်းပြီးတော့ ဒုက္ခနဲ့ကြုံရမယ်လေ။ကောင်းမှုကံကြောင့်လူဖြစ်တယ်ဆိုရင်လဲ စိတ်ထားမဖြူစင်ခဲ့ဘူးဆိုရင် ဒုက္ခနဲ့ရင်ဆိုင်ရဦးမှာပါ။ဘုရားဟောထားတဲ့ ကံအုပ်စု (၄) စု အမျိုးအစား(၁၆)မျိုးဟာ ကောင်းကံမကောင်းကံနဲ့ ပတ်သက်နေတာမို့ကောင်းတာကိုလုပ်သူများစိတ်ထားဖြူစင်ဖို့ပါ ဘုရားရှင်ကတိုက်တွန်းခဲ့တာပေါ့။ဘုရားရှင်ရဲ့မဟာကရုဏာတော်ဟာ အတော့်ကိုအံ့ဩစရာကောင်းပါတယ်။လူသားအပါအဝင်သတ္တဝါအားလုံးကို ဒုက္ခအပေါင်းမှကင်းဝေးရာနေရာကိုရောက်စေချင်တယ်၊ရောက်စေချင်လို့ပဲ တရားတော်တွေကို နေ့မအားညမနား ဟောကြားခဲ့အသိပေးခဲ့တယ်။ဒါပေမယ့် လူသားနဲ့သတ္တဝါတို့ရဲ့ ထုံးစံသဘာဝအတိုင်း မကောင်းတဲ့စိတ်နဲ့ မကောင်းတဲ့နေရာမှာ ပျော်တတ်တာမို့မကောင်းတာနဲ့ ကြုံခဲ့ရမယ်ဆိုရင်တောင်သက်သာအောင်လို့ ဘုရားရှင်ကစိတ်ထားလေးဖြူစင်နေဖို့ဟောကြားခဲ့တာပေါ့။

## ကံဆန်းကြယ်ပုံ

ကောင်းတာလုပ်ပြီးကောင်းကျိုးကိုခံစားစံစားရတာနဲ့ ပတ်သက်ပြီးပြောစရာမရှိပေမယ့်ကောင်းတာလုပ်ပြီး မကောင်းတာကိုကြုံရခံစားရတာ ပြီးတော့မကောင်းတာကိုလုပ်နေပေမယ့်ကြီးပွါးချမ်းသာတာနဲ့ပတ်သက်ပြီးလူတွေကြားမှာပြောစရာဖြစ်လာသလိုကံနဲ့ပတ်သက်ပြီးသံသယဖြစ်စရာပါဖြစ်လာတတ်ပါတယ်။တကယ်တော့ဘုရားဟောတရားတော်မှာ ကံနဲ့ပတ်သက်ပြီးအပြည့်အစုံကိုရှိပါတယ်။ သိသလောက်နဲ့တွေးပြီး ဟုတ်သလိုလိုယူဆနေကြတာကြောင့် သံသယပွားစရာဖြစ်လာတာပါ။သတ္တဝါအားလုံးရဲ့ ကံဟာ အတိတ်ကံနဲ့ ပစ္စုပ္ပန် ကံကိုမှီနေတာပါ။ကံဆိုတာကလဲအလုပ်ပါပဲ။အလုပ်မှာ ကိုယ်နဲ့လုပ်တဲ့အလုပ်(ကံ) နှုတ်နဲ့လုပ်တဲ့အလုပ်(ကံ) စိတ်နဲ့လုပ်တဲ့အလုပ်(ကံ)ဆိုပြီး သုံးမျိုးရှိပြန်ရော။ အတိတ်နေ့ရက်တွေက ကိုယ်ဘာလုပ်ခဲ့တယ်ဆိုတာကို မသိနိုင်တာမို့ အတိတ်ကံအကြောင်းကိုတော့ ပြန်ပြောရခက်ခဲတဲ့အနေအထားမှာရှိပါတယ်။ ဒါဆိုပစ္စုပ္ပန်ကံနဲ့ပတ်သက်ပြီး ပြောဆိုဆွေးနွေးသုံးသပ်ကြည့်ရုံပေါ့။ဘာလို့ဆို

ကံဟူသည်

ပစ္စုပ္ပန်လက်ရှိအချိန်မှာလုပ်တဲ့ကံဟာ အတိတ်ကံကိုအားပေးတာမျိုးလဲရှိသလို မဖြစ်အောင် တားမြစ်တာမျိုးလဲရှိတာကြောင့်ပါ။ပြီးတော့ နောက်လာမယ့် အနာဂါတ်နေ့ရက်များမှာလဲ ကောင်းမကောင်းကိုဖန်တီးပေးမှာက ပစ္စုပ္ပန်ကံဖြစ်နေလို့ပါပဲ။

အခုဘဝမှာကောင်းအောင်ကြိုးစားပြီး ကောင်းတာကိုပဲပြော ကောင်းတာကိုပဲလုပ်နေသူတစ်ယောက်အတွက်မကောင်းတာကိုကြုံ မကောင်းတာကိုခံစားနေရတာဟာအတိတ်က လုပ်ခဲ့တဲ့ကံနဲ့ဆိုင်နေသလိုအခုလက်ရှိလုပ်နေတဲ့ပတ်ဝန်းကျင်(ဒေသ) အချိန်အခါ(ကာလ)နဲ့လဲ ပတ်သက်နေပါတယ်။

ကောင်းတာကိုလုပ်နေပေမယ့်လို့ မကောင်းတာကိုကြုံရတဲ့သူဟာအတိတ်ကမကောင်းကံအတော်များများကိုလုပ်ခဲ့သူပဲဖြစ်ပါလိမ့်မယ်။ကွယ်လွန်ခါနီးဘေးပတ်ဝန်းကျင်ရဲ့ကောင်းမှုတွေကြောင့် ကောင်းကံ(အာသန္နကံ)လေး စိတ်ထဲကိုဝင်ရောက်လာတဲ့အချိန်ကွယ်လွန်ခဲ့မယ်ဆိုရင်တော့အဲဒီသူဟာကောင်းတဲ့ဘဝကိုရောက်မှာအမှန်ပါပဲ။အကျိုးပေးပုံနဲ့ဖြစ်တတ်တဲ့ကံလေးမျိုးမှာ ဂရုကံမျိုးကိုလုပ်ထားတာမရှိဘူးဆိုရင် အနီးကပ်လုပ်တဲ့အာသန္နကံကပိုအားရှိလို့ပါ။ဒီထက်ကံကောင်းရင် နတ်ပြည်ကိုတောင်ရောက်သွားနိုင်ပါသေးတယ်။ဒါမျိုးကိုဘုရားလက်ထက်ကလဲကြုံခဲ့ဖူးပါတယ်။အနှစ်၅၀လုံးလုံး အာဃာတပါးကွက်သားလူသတ်သမားဖြစ်ခဲ့ပေမယ့်လို့ မသေခင်သေခါနီးအချိန်လေးမှာရဟန္တာကိုဆွမ်းကပ်လိုက်ရလို့အဲဒီပီတိနဲ့သေတာကြောင့်နတ်ပြည်ရောက်ခဲ့ရတဲ့ဝတ္ထုလေးပါ။ကံကိုယုံကြပေမယ့်လို့ ကံအကြောင်းကို ကောင်းကောင်းမသိတာကြောင့် မြို့ထဲရွာထဲမှာတော့ အာဃာတပါကွက်သားသေပြီးနောက်ငရဲကိုရောက်ကိုရောက်မယ်လို့ပဲယုံထားကြတာပါ။နတ်ပြည်ကိုရောက်သွားတယ်ပြောတာတောင်မယုံကြပါဘူး။အသက်သတ်မှုအကုသိုလ်ကိုအနှစ် ၅၀ လုပ်ရက်သားနဲ့နတ်ပြည်ရောက်တယ်ဆိုတော့ အကုသိုလ်အကျိုးဆိုတာမရှိတော့ဘူးလားလို့တောင်တွေးစရာပါ။တကယ်တော့ ကံအမျိုးမျိုးနဲ့အကျိုးပေးပုံအခြေအနေကိုသိရင်ဘာမှကိုသံသယဖြစ်စရာမရှိပါဘူး။အာဃာတပါးကွက်သားနတ်ပြည်ရောက်တာနဲ့ ပတ်သက်ပြီး

ဘုရားရှင်ကသက်သေပြုပေးမှလူတွေသံသယပျောက်သွားရတာပါ။ဒါပေမယ့်အဲဒီအာဇာပါးကွက်သားနတ်သားဟာသေခါနီးလုပ်ခဲ့တဲ့အာသန္နကံအစွမ်းကုန်ရင်တော့လူ့အသက်သတ်ခြင်းကိုနှစ်ပေါင်းများစွာလုပ်ခဲ့တဲ့ဇနကကံဥပတ္ထမ္ဘကကံကအလေ့အကျင့်လိုဖြစ်တဲ့အာစိဏ္ဏကံဖြစ်ခဲ့တာကြောင့် နတ်သားဘဝစုတေပြီးနောက် အပရာပရိယဝေဒနီယကံ=တတိယဘဝမှာ အကျိုးပေးနိုင်တဲ့ကံကတာဝန်ယူလာနိုင်တာကြောင့်ပါ။အဲလိုသာပေးခဲ့ပြီဆိုရင်တော့ အဲဒီနတ်သားအတွက်အသက်တိုမယ်ဆင်းရဲမယ် ပြီးတော့ကျန်းမာရေးချို့တဲ့မယ်ပေါ့။တကယ်လို့များအာဇာပါးကွက်သားနတ်သားက အသိတရားရပြီးနတ်ပြည်မှာပဲတရားအားထုတ်ရင်းနဲ့ အရိယာဖြစ်များဖြစ်သွားခဲ့မယ်ဆိုရင်တော့သူအားထုတ်ထားပြုလုပ်ထားတဲ့ကံက အားကြီးတဲ့အရိယာမဂ်ကံဂရုကံဖြစ်သွားတာကြောင့်မကောင်းတဲ့အကုသိုလ်ကံကို သတ်သလို(ဥပဃာတကကံ)ဖြစ်သွားမှာပါ။အဲဒီလိုသာဆိုရင်တော့ အဲဒီအာဇာပါးကွက်သားနတ်သားအတွက်နောက်ထပ်ဒုက္ခကြုံစရာမရှိတော့ဘူးဆိုရမှာပေါ့။အဲလိုမှမဟုတ်ပဲ ကံကောင်းလို့ရခဲ့တဲ့နတ်သားဖြစ်ခွင့်အခွင့်အရေးကောင်းလေးအပေါ်မှာပဲ မူးယစ်ပြီးပျော်ပါးနေမယ်ဆိုရင်တော့အကုသိုလ်ဇနကကံက သူ့ကိုအောက်ပြန်ကျစေမှာအမှန်ပါပဲ။ကံကောင်းထောက်မလို့လူပြည်ရောက်ခဲ့မယ်ဆိုရင်တောင်သူ့အတွက်ကောင်းကျိုးတွေဖြစ်လာစရာအခွင့် အတော့်ကိုနည်းပါးပါတယ်။ဘာဖြစ်လို့လဲဆိုတော့နတ်သားမဖြစ်ခင်လူ့ဘဝတုန်းကလုပ်ခဲ့တဲ့ ကုသိုလ်မရှိပဲအသက်သတ်ခြင်းအကုသိုလ်သက်သက်သာရှိနေတာကြောင့်ပါ။အဲဒီနတ်သားဟာလူ့အဖြစ်ကိုရပြီးနောက်လူ့ဘဝမှာအသိရလို့ဘဝကို ကောင်းကောင်းမွန်မွန် ဖြတ်သန်းသွားမယ်ကောင်းတာပဲလုပ်မယ်ဆိုရင်တောင်လူ့ဘဝမှာသူ့အတွက်ကြီးပွါးစရာလမ်းမရှိပါဘူး။အတိတ်က(အာဇာပါးကွက်သားဘဝတုန်းက)အကုသိုလ်သက်သက်ကိုပဲလုပ်ခဲ့လို့ပါပဲ။ဒါဆို အာဇာပါးကွက်သားမဖြစ်ခင်ဘဝတွေတုန်းက လုပ်ခဲ့တဲ့ကုသိုလ်ကောင်းမှုတွေရောမရှိတော့ဘူးလားအဲဒီကုသိုလ်တွေကအကျိုးမပေးနိုင်တော့ဘူးလားလို့ မေးစရာရှိပါတယ်။ကံဟာတကယ့်ကိုထူးဆန်းပါတယ်။များသောအားဖြင့်တော့ နီးတဲ့ဘဝတွေမှာလုပ်ခဲ့တဲ့ကံတွေကတာဝန်ယူအကျိုးပေး

တတ်လို့ပါ။ပြီးတော့အကုသိုလ်ကံနဲ့ကုသိုလ်ကံတို့ရဲ့ထူးခြားချက်က အကုသိုလ်ကံကအားနည်းတဲ့အတွက်အမြဲတမ်းအကျိုးအရင်ပေးတတ်ပါတယ်။ကုသိုလ်ကံကအားကြီးပြီးအားများတဲ့အတွက်နောက်မှအကျိုးပေးတာများပါတယ်။မပြည့်စုံတဲ့သူပိုမိုပြီးအမြဲလိုအပ်နေသလိုပေါ့။အားကြီးတဲ့အရာတွေကအချိန်တစ်ခုထိစောင့်ရတတ်တာမို့ချက်ချင်းအကျိုးပေးဖို့ဆိုတာကတော့ဂရုကံဖြစ်မယ်ဒိဋ္ဌဓမ္မဝေဒနိယကံဖြစ်မယ်ဆိုမှပါ။အဲလိုမှမဟုတ်ရင်တော့အကုသိုလ်ကံကပဲအရင်အကျိုးပေးမှာပါ။ထူးခြားတာလေးတော့ရှိတာပေါ့။ဆုကြီးပန်ပုဂ္ဂိုလ်တို့ဆိုရင်တော့တမျိုးပေါ့။ပြီးတော့ကံအားကြီးသူများပေါ့။ဉပမာအဇာတသတ်မင်းနဲ့ဒေဝဒတ်တို့လိုပါ။သူတို့ကလက်ရှိဘဝမှာ အကုသိုလ်ကိုကြီးကြီးမားမား(ဂရုကံဖြစ်အောင်)လုပ်မိခဲ့လို့မို့ငရဲကိုရောက်ရတယ်ဆိုပေမယ့် အတိတ်ကဖြည့်ခဲ့တဲ့ပါရမီ အခုဘဝမှာနောင်တရပြီး ပြောင်းလဲသွားတဲ့စိတ်ထားဖြူစင်မှုတွေကြောင့် မကောင်းတဲ့ဘုံငရဲကလာရပေမယ့်လို့လူ့ဘဝပြန်ရောက်ရင်ပစ္စေကဗုဒ္ဓါဘဝနဲ့ကျွတ်တမ်းဝင်ရမှာပါ။သာမန်သတ္တဝါတွေမှာတော့ သူတို့လောက်ကြီးမြတ်တဲ့ စိတ်ထားနဲ့ပါရမီတွေကောင်းမှုတွေကိုမလုပ်ခဲ့တာကြောင့် ကောင်းတဲ့ဘဝက သေပြီးနောက်တောင်မှမကောင်းတဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရသွားကြတာပါ။ဒါကြောင့်မို့ အတိတ်ကအကုသိုလ်ကံကြီးမားခဲ့မယ် ကုသိုလ်ကံကို ဖြစ်သလိုလုပ်ခဲ့ဖူးတယ်ဆိုရင်တော့အခုလူ့ဘဝမှာကောင်းကောင်းနေ ကောင်းကောင်းလုပ်ပေမယ့်လို့ကောင်းကျိုးပေးခံရဖို့က မလွယ်ကူတဲ့အရာပါ။သူ့အတွက် သေခါနီးမှာဖြစ်တဲ့ကုသိုလ်ကံလေးကြောင့်သာ လူဖြစ်လာပြီး အတိတ်ဘဝကကုသိုလ်ကံကိုမလုပ်ခဲ့(ဇနကကံ)လုပ်ခဲ့တယ်ဆိုရင်တောင်အထောက်အပံ့ဖြစ်အောင်(ဉပတ္ထမ္ဘကကံ)မလုပ်ခဲ့တာကြောင့် ကောင်းကံနဲ့ပတ်သက်ပြီး အကျိုးပေးစရာမရှိတာကြောင့်ဆင်းရဲရတာပါ။ဒါကြောင့် အသိကြွယ်တဲ့အချိန်မှာမကောင်းတာကိုရှောင်ပြီးကောင်းတာကိုဆောင်ထားဖို့လိုအပ်တာပေါ့။တခါတလေ ကိုယ်တိုင်ဉာဏ်မမီရင်ကံနဲ့ပတ်သက်ပြီး အတော့်ကိုသံသယပွါးစရာဖြစ်တတ်ပါတယ်။တကယ်လို့လုပ်ထားတဲ့ဂရုကံမရှိခဲ့ဘူးဆိုရင် များသောအားဖြင့်တော့သေခါနီးလုပ်မိတဲ့အာသန္နကံကအကျိုးပေးတတ်ပေမယ့်လို့ သေခါနီးမှာလုပ်မိတဲ့ကံမရှိခဲ့ဘူးဆို

ရင်အာစိဏ္ဏကံ=အလေ့အကျင့်ဖြစ်နေတဲ့ကံကအကျိုးပေးသွားတတ်ပါတယ်။ဒါ့
အပြင်နောင်ဘဝတစ်ခုစာအတွက်ဥပပဇ္ဇဝေဒနီယကံ=ဒုတိယဘဝမှာအကျိုးပေး
ရမယ့်ကံဟာအကျိုးမပေးတော့ပဲ(အဟောသိကံဖြစ်ပြီး)အပရာပရိယဝေဒနီယကံ
=တတိယဘဝကစပြီးအကျိုးပေးနိုင်တဲ့ကံကနေရာယူသွားတာမျိုးကိုလဲတွေ့ရ
တတ်ပြန်ပါတယ်။ကံအကြောင်းကို ကောင်းကောင်းမသိဘူးနားမလည်ခဲ့ဘူးဆို
ရင်တော့မှားယွင်းတဲ့အယူကိုယူမိသွားမှာကတော့အသေအချာပါပဲ။ကောင်းတာ
လုပ်ပြီးကောင်းတာမဖြစ်ဘူး မကောင်းတာလုပ်ပေမယ့်ကောင်းတာဖြစ်တယ်ဆို
ပြီးတော့ပါ။ဒါနဲ့ပတ်သက်ပြီး ဘုရားဟောတရားတော်မှာလဲသာဓကဝတ္ထုလေး
တွေရှိပါတယ်။

ဝိဒေဟတိုင်း မိတ္ထိလာမြို့မှာ အင်္ဂတိမင်းစိုးစံတဲ့အချိန်ပေါ့။အင်္ဂတိမင်းဟာ
သိချင်စိတ်စူးစမ်းချင်စိတ်ရှိသူမင်းတပါးပါပဲ။သူ့မှာရုစာဆိုတဲ့မင်းသမီးလေးတစ်
ပါးလဲရှိပါတယ်(ရှင်အာနန္ဒာအလောင်း။ဘဝတစ်ခုမှာ ကာမေသုမိစ္ဆာစာရကံကို
အားပါးတရကျူးလွန်ခဲ့တာကြောင့်မိန်းမဖြစ်ရတာ)။ရသေ့ကြီးဦးဂုဏနဲ့မတွေ့ခင်
အထိတော့မင်းကြီးရဲ့ အတွေးတွေဟာအမှန်ပါပဲ။မကောင်းကံကြောင့်မကောင်း
တဲ့ဘဝရောက်တယ် ကောင်းကံကြောင့်ကောင်းတဲ့ဘဝရောက်တယ်လို့ပေါ့။ဒါ
ပေမယ့်အသိမဲ့သူကို ဆရာတင်မိတဲ့အချိန်မှာ အားလုံးဟာပြောင်းပြန်ဖြစ်
သွားတတ်ပါတယ်။မင်းကြီးဟာတစ်နေ့မှာရသေ့ကြီးဦးဂုဏဆီသွားပြီးအသိမရှင်း
တာတွေကိုသွားမေးတာပေါ့။ရသေ့ကြီးဦးဂုဏက အဝတ်မဝတ်ပဲနေသူလေ။
သူ့အတွေးကလူသားတွေအဝတ်ဝတ်တယ်ဆိုတာရိုးသားတဲ့စိတ်မရှိလို့တဲ့။သူက
စင်ကြယ်သူမို့ အဝတ်မဝတ်တာတဲ့လေ။ဒါနဲ့ မင်းကြီးဟာ ရသေ့ဦးဂုဏဆီ
ရောက်ရော။ပြီးတော့ ဘယ်လိုကျင့်မှ နောင်သုဂတိကိုရောက်နိုင်မှာလဲ ဘယ်လို
မကောင်းတာလုပ်ရင် ငရဲကိုရောက်ရတာလဲလို့မေးတာပေါ့။တကယ်တော့ရသေ့
ဦးဂုဏမှာ ဘာတရားဘာအသိမှမရှိပါဘူး။ဘာမှမသိတော့ နာမည်ကြီးလူသားရဲ့
ထုံးစံမသိဘူးလို့ပြောရိုးမရှိတာကြောင့် သူကတလွဲဟောပါလေရော။သူဟောတဲ့
တရားကကမ္ဘာပေါင်းရှစ်သောင်းလေးထောင်အတွင်း မိုက်ချင်တိုင်းမိုက် ဆိုးချင်
တိုင်းဆိုး ကောင်းချင်တိုင်း ကောင်းစင်ကြယ်သွားတယ်ဆိုတာမရှိဘူးတဲ့။

ကောင်းကျိုးဆိုးကျိုးဆိုတာမရှိဘူး ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်ပြည့်ရင် သူ့အလိုလိုလွတ်သွားလိမ့်မယ်လို့ ဟောပါရောလား။မင်းကြီးနောက်ပါလာတဲ့ အလာတစစ်သူကြီးကဦးဂုဏ တရားမှန်ကြောင်းထထောက်ခံပါရော။ဆရာကြီး ဟောတာမှန်တယ်ကောင်းကျိုးမကောင်းကျိုးဆိုတာမရှိဘူး အရင်ဘဝကကျနော် မျိုးဟာပိင်္ဂလဆိုတဲ့ နွားသတ်သမားဖြစ်ခဲ့တယ်။နွားတင်မကဘူးအကောင်မှန် ရင်အကုန်သတ်တာ။အဲဒီဘဝသေပြီးနောက်အခုစစ်သူကြီးအမျိုးမှာဝင်စားပြီးစစ် သူကြီးဖြစ်လာရတယ်တဲ့။အဲလိုပြောနိုင်တာကလဲအရင်ဘဝကိုကျနော်မျိုးပြန်မြင် ရလို့ပါတဲ့(နောက်ဘဝအကြောင်းကိုသိနိုင်မြင်နိုင်တဲ့ဇာတိဿရဉာဏ်ကိုရထား)။ တကယ်ဆိုမကောင်းတာလုပ်ခဲ့တာပဲ မကောင်းတဲ့ဘဝရောက်ပြီး မကောင်းတာ ကိုခံနေရမှာပေါ့တဲ့လေ။ပရိသတ်ထဲမှာ နောက်ဘဝကိုမြင်နိုင်သူဟာ အလာတ စစ်သူကြီးတစ်ယောက်ထဲမဟုတ်ပါဘူး။ဗီဇကကျွန်လဲပါတယ်။ဗီဇကကျွန်ဟာ အရင်ဘဝကကောင်းတာတွေကိုလုပ်တဲ့နေရာမှာ ဒါနတင်မကဘူးဥပုသ်သီလလဲ ဆောက်တည်ခဲ့တယ်။ကောင်းတာမှန်ရင်အကုန်လုပ်တယ်။ဒါပေမယ့်အခုကျွန်မ ရဲ့ဝမ်းမှာပဋိသန္ဓေနေပြီးတော့ကျွန်မရဲ့သားဖြစ်လာခဲ့တယ်။တကယ်သာကောင်း ကျိုးရှိခဲ့မယ်ဆိုရင်ကောင်းတဲ့ဘဝရောက်ပြီးတော့ကောင်းကျိုးပဲခံစားနေရမှာပေါ့။ အခုတော့ ကျွန်မသားဖြစ်လာတဲ့အတွက် ကောင်းကျိုးဆိုတာတကယ်မရှိဘူးတဲ့။ ကြားရသူနာရသူအတွက်တကယ့်ကို မျက်စိလည်စရာ နားရှုပ်စရာပါပဲ။ပြီးတော့ ပြောနေသူနှစ်ယောက်လုံးက နောက်ဘဝတွေကိုပြန်မြင်သူချည်းပဲဆိုတော့မယုံ လို့လဲမဖြစ်ပြန်။တကယ်တော့ကံမျက်လုံးနဲ့မြင်တာဟာ အမှန်ကိုသိစေဖို့ခက်ခဲ ပါတယ်။ဉာဏ်မျက်လုံးကသာ အမှန်ကိုမြင်စေတာပါ။သူတို့နှစ်ယောက်လုံးအ တိတ်ဘဝကိုပြန်မြင်ကြပေမယ့်လို့ တစ်ဘဝထက်ကျော်ပြီး မမြင်နိုင်ခဲ့ပါဘူး။ ပြီးတော့ကံရဲ့သဘာဝ ကံရဲ့အကျိုးပေးနိုင်ပုံကိုလဲ ကြောင်းကျိုးဆက်ပြီးမသိခဲ့ ပါဘူး။ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် မကောင်းတာလုပ်ရင်မကောင်း တာဖြစ်မယ် လောက်ပဲနားလည်သူတွေပါ။သူတို့နှစ်ယောက်ရဲ့ဘဝကိုခြယ်လှယ် သွားတာက အပရာပရိယဝေဒနီယကံ=တတိယဘဝမှစပြီးအဆင်ပြေတဲ့ဘဝ တစ်ခုခုမှာအကျိုးပေးမယ့်ကံပါ။အလာတစစ်သူကြီးဟာ တစ်ဖက်ဘဝတုန်းက

ပိင်္ဂလန္ဒားသတ်သမားဘဝနဲ့ တစ်သက်လုံးအသက်မွေးခဲ့ပေမယ့်လို့ သူ့ရဲ့ အာစိဏ္ဏကံ=အမြဲလုပ်နေကျကံဟာ ဂရုကံမဟုတ်တဲ့အတွက် နောက်ဘဝမှာ အကျိုးပေးကိုပေးမယ်ဆိုတဲ့ အာမခံချက်မရှိပါဘူး။ဂရုကံကသာနောက်ဘဝမှာ ပေးကိုပေးတာပါ။ကျန်တဲ့ကံများကတော့ အဆင်မပြေရင်မပေးတတ်တဲ့အတွက် အဟောသိကံလို့ ခေါ်ရတာပါ။ဒါပေမယ့် လုံးဝမပေးတော့ဘူးလို့တော့မထင် လိုက်ပါနဲ့။အဆင်ပြေတဲ့ဘဝတစ်ခုမှာ အကြောင်းတိုက်ဆိုင်လာရင်ပေးကိုပေးဦး မှာပါ။အခုလဲန္ဒားသတ်သမားဘဝကနေ သေပြီးနောက် အလာတစစ်သူကြီး ဖြစ်ရတဲ့အကြောင်းက ကဿပဘုရားရှင်လက်ထက်တုံးက အနောဇာပန်းကုံးနဲ့ မြတ်စွာဘုရားရဲ့စေတီကိုပူဇော်ပြီး ကုသိုလ်လုပ်ဖူးတဲ့ကံက အဆင်ပြေလို့ ဝင်ပြီးအကျိုးပေးသွားတာပါ။ဒါကို အပရာပရိယဝေဒနီယကံလို့ခေါ်ပါတယ်။သူ ဟာဘုရားရှင်ရဲ့စေတီကို ပန်းလှူခြင်းဆိုတဲ့ကောင်းမှုကို ဖြစ်စေခဲ့တာပါ (ဇနကကံ)။ကံတစ်ခုမှလုပ်မထားရင်ဘာမှလဲအကျိုးပေးစရာမရှိပါဘူး။လုပ်ထား မှပေးမှာပါ။ဘယ်အချိန်မှာ ပေးကိုပေးမယ်ဆိုတာ သတ်မှတ်ချက်မရှိပါဘူး။ ကိုယ့်ရဲ့လုပ်တဲ့စိတ်နဲ့ ထားတဲ့စေတနာအပေါ်မှာ မူတည်ပြီးကံကပြောင်းလဲသွား ရတာပါ။တကယ်လို့သာသူလုပ်ခဲ့တဲ့န္ဒားသတ်တဲ့ကံဟာဂရုကံဖြစ်နေတယ်ဆိုရင် တော့အလာတစစ်သူကြီးဘယ်လိုမှ ဖြစ်လာစရာအကြောင်းမရှိတော့ပါဘူး။ ဒါကြောင့်ကံကိုပြုလုပ်ကျူးလွန်မိတဲ့နေရာမှာဂရုကံဖြစ်မနေဖို့အရေးကြီးပါတယ်။ ပြီးတော့ဗီဇကကျွန်ပေါ့။သူကကောင်းတာတွေကို အရင်ဘဝက လုပ်ခဲ့တာမှန် ပေမယ့်လို့ အတိတ်ဘဝတစ်ခုဖြစ်တဲ့ ကဿပဘုရားရှင်လက်ထက်တော်မှာ သူ့န္ဒားပျောက်လို့ တောထဲမှာလိုက်ရှာနေတုန်း မျက်စိလည်လမ်းမှားလာတဲ့ ရဟန်းတစ်ပါးကလမ်းကိုမေးတော့န္ဒားရှာမရလို့ စိတ်တိုစိတ်ညစ်နေတဲ့အထဲ ရဟန်းကလမ်းလာမေးတော့ စိတ်တိုမိတာပေါ့။စိတ်တို(ဇနက)ရုံကဘာမှမဖြစ် ပေမယ့်သင်တို့ ဘုန်းကြီးတွေဆိုသိပ်စကားများတာပဲ၊ဒီလိုစကားများတာဟာ လေကျွန်တွေပဲစကားများတာ၊သင်တို့လဲကျွန်မျိုးပဲဖြစ်လိမ့်မယ်ဆိုတဲ့ ဝစီကံ (စိတ်တိုမှုကို ထောက်ပံ့ပေးတဲ့ ဥပတ္ထမ္ဘကကံ)ကိုပါကျူးလွန်မိသွားပါတယ်။အဲဒီ ကံကအဲဒီဘဝမှာအကျိုးမပေးနိုင်သေးလို့အဟောသိကံဖြစ်ခဲ့ပေမယ့် ဗီဇကကျွန်

ဖြစ်မယ့်ဘဝမှာ လာအကျိုးပေးသွားတာပါ။ဒါကိုမသိရင်တော့ တကယ့်ကို မှိုင်စွာ=မှားယွင်းတဲ့အယူကိုယူသွားမှာကတော့အသေအချာပါပဲ။ကံအကြောင်း သင်ဖူးသိဖူးကြားဖူးသူကတော့တော်တယ်လို့ပြောရမှာပေါ့။ကံရဲ့ဆန်းကြယ်ပုံ လေးပါ။ကံနဲ့ သွားနေရတဲ့ သတ္တဝါအများသတိထားရမယ့်အချက်ပေါ့။

## မကောင်းတာလုပ်နေသော်လည်းကြီးပွါးရခြင်းအကြောင်း

မကောင်းတာလုပ်နေပေမယ့်လို့ အခုဘဝမှာ မယုံနိုင်အောင်ကြီးပွါးချမ်းသာ တန်ခိုးထွားနေသူတွေကိုကြည့်ပြီး မကောင်းတာကိုလုပ်ရက်နဲ့ ကြီးပွားတယ် မကောင်းကံဆိုတာမရှိတော့ဘူးလားလို့ တွေးလာနိုင်ပြန်ပါတယ်။အခုဘဝမှာ မကောင်းတာလုပ်နေပေမယ့်လို့ ဘာကြောင့်ကြီးပွါးချမ်းသာတန်ခိုးထွားရတာပါ လိမ့်။ဘုရားရဲ့တရားတော်အရ အကြောင်းအကျိုးဆက်နေတယ်ဆိုတာလုံးဝ မမှားပါဘူး။ဘုရားဟောပဋ္ဌာန်းပါဠိတော်မှာ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော ဆိုတဲ့ ပါဠိတစ်ခုရှိပါတယ်။အဓိပ္ပါယ်ကတော့ ကုသိုလ်ကိုအကြောင်းပြုပြီးအကုသိုလ် တွေတစ်ခါတလေဖြစ်တတ်တယ်တဲ့။ကုသိုလ်နဲ့ယဉ်ပါးတဲ့ ဗုဒ္ဓဘာသာဝင်များ တကယ် သတိထားရမယ့်အရာပါ။လူတစ်ယောက်ဟာ ဒါနကောင်းမှုပြုလုပ် တယ်ပဲဆိုပါစို့။သူဟာအလှူကိုအကြောင်းပြုပြီး ငါမှလှူနိုင်တယ်ဆိုတဲ့မာန လဲတက်လာနိုင်ပါတယ်။ငါ့အလှူဟာ သူတောင်းစားအဆင့်နိမ့်သူတွေအတွက် မဟုတ်ဘူး သူတို့လာရင်နှင်ထုတ်လိုက်စတဲ့ ဒေါသလဲဖြစ်လာနိုင်သလို ကျောင်းတကာကျောင်းအစ်မဖြစ်ချင် ကျော်ကြားချင်လူတွေကိုလှူနိုင်တယ် ဆိုတာကိုကြွားချင် ငါ့အလှူကိုဘယ်သူတွေလာတယ်ဆိုတာကို သိစေချင်တဲ့ချင် ပေါင်းများစွာပါဝင်တဲ့ လောဘစိတ်လေးပါပါဝင်လာတတ်ပါတယ်။ဒါဟာအလှူ ကိုမှီပြီးဖြစ်လာတတ်တဲ့ ကိလေသာစိတ်တွေပါ။သီလနဲ့တရားအားထုတ်မှု ကိုမှီပြီးလဲ အကုသိုလ်ဖြစ်တတ်ပါသေးတယ်။ငါမှသီလမြဲတာ ကျန်တဲ့သူတွေက ဘာသီလရှိလို့လဲဆိုတဲ့မာန၊သီလသာယူထားပြီးကြမ်းတမ်းတဲ့ဒေါသတွေဖြစ်လာ တတ်ပြန်ရော။တရားအားထုတ်သူဆိုရင်လဲ ငါကဘယ်ရိပ်သာမှာဘယ်နခါဝင်ပြီး

ပြီမင်းတို့ကရိပ်သာစော်ရောနံရဲ့လား စတဲ့မာန စတဲ့ကိလေသာ တွေဖြစ်တတ်ပါတယ်။ဒါတွေအားလုံးဟာ ကုသိုလ်ကိုအကြောင်းပြုပြီးဖြစ်လာတဲ့ အကုသိုလ်တွေပါ။ကံရဲ့ထုံးစံအတိုင်း သူ့ကိုဖြစ်စေ(ဇနက)ထပ်ထပ်ဖြစ်စေ(ဥပတ္ထမ္ဘက)တယ်ဆိုရင်သူကလဲ လုပ်ထားသူကိုဖြစ်စေ ထပ်ထပ်ဖြစ်စေတော့မှာပါ။ပြီးတော့ကံကကိုယ်လုပ်ထားတုန်းကအတိုင်း ကိုယ့်ရဲ့စေတနာစိတ်ထားအတိုင်းကိုတသွေမတိမ်းကိုပေးတာဖြစ်စေတာပါ။တကယ်လို့များ ဒါနကုသိုလ်ကိုအကြောင်းပြုပြီးလောဘဒေါသဖြစ်ခဲ့သူတစ်ယောက် သေခါနီးပေးတဲ့ ကံ(အာသန္နကံ)ကအကျိုးပေးလိုက်လို့လူဖြစ်လာတဲ့အချိန်မှာ ကုသိုလ်ကံလေးကြောင့်သူဌေးအိမ်မှာဝင်စားတယ်ထားဦး အဲဒီသူဌေးအိမ်ကမကောင်းတာနဲ့ကြီးပွားချမ်းသာအောင်လုပ်တဲ့သူဌေးအိမ်ပဲဖြစ်ပါလိမ့်မယ်။တကယ်လို့ကောင်းတဲ့သူဌေးအိမ်မှာဝင်စားတယ်ဆိုရင်တောင် ကုသိုလ်လုပ်တုန်းကဖြစ်ခဲ့ပါဝင်ခဲ့တဲ့ အကုသိုလ်စေတနာလေးတွေကြောင့် မိဘရဲ့လက်ရင်းဖြစ်တဲ့ ကောင်းရာမွန်ရာနဲ့ ကြီးပွားစေမယ့်လုပ်ငန်းကိုစိတ်မဝင်စားပဲ မကောင်းတာနဲ့ ကြီးပွားအောင်လုပ်ချင်စိတ်တွေပေါက်တတ်ပါတယ်။လုပ်တဲ့အတိုင်းလဲအောင်မြင်တတ်ပါတယ်။ဘာလို့လဲဆိုသူကြီးပွားအောင်(ချမ်းသာခြင်းစတဲ့စည်းစိမ်းများဟာ ကောင်းတယ်လို့သတ်မှတ်ချက်အတိုင်း ကောင်းတာကိုခံစားရဖို့) ကောင်းတဲ့အကျိုးကိုခံစားရအောင်မကောင်းတာကိုပဲလုပ်မှရတော့တာပါ။တချို့ငါးလုပ်ငန်းနဲ့ကြီးပွားသူတွေလိုပေါ့။ငါးကိုဖမ်းဆီးရတယ်ဆိုတာ လောဘလိုချင်မှုလေးပြဌာန်းတယ်ဆိုပေမယ့်သတ်တဲ့အချိန်မှာ ဒေါသပြဌာန်းရပါတယ်။ဘယ်လိုပဲအကုသိုလ်ကို လုပ်နေနေကြီးပွားတာပါပဲ။ဒေါသပြဌာန်းတဲ့အကုသိုလ်ကိုလုပ်ပြီး ကြီးပွားရတာဟာသူကုသိုလ်ကောင်းမှုလုပ်တုန်းက ဒေါသအရိပ်တွေသန်းခဲ့လို့ပါ။ပြီးတော့မတရားလုပ်ပြီးကြီးပွားချမ်းသာသူတွေကြတော့ ကောင်းမှုလုပ်တုန်းကလောဘလိုချင်မှုပါဝင်ခဲ့တာကြောင့်ပါ။သူတို့ဘဝကြီးပွားဖို့အတွက်မကောင်းမှုနဲ့မှုကိုပိုမိုအဆင်ပြေတော့တာ။ဘာလို့ဆိုကုသိုလ်ကိုအကြောင်းပြုပြီး အကုသိုလ်ဖြစ်ခဲ့တဲ့အတွက်ချမ်းသာကိုအကြောင်းပြုပြီး မကောင်းတာကိုပဲလုပ်ရတာမို့ပါ။ဒါဟာကံရဲ့သဘာဝစစ်စစ်ပါပဲ။မကောင်းတာလုပ်ပေမယ့်လို့ကြီးပွားနေတာက အတိတ်ကကောင်းမှုမှာမ

ကံဟူသည်

ကောင်းမှုလေးရောနှောပါဝင်တဲ့ကံကြောင့်ပါ။သူတို့က အသိတွေဝင်ပြီးကောင်း ရောင်းကောင်းဝယ်လုပ်တယ်ဆိုရင်တောင် ကုသိုလ်ကြောင့်အကုသိုလ်ဖြစ်ခဲ့တဲ့ ကံကလွှမ်းမိုးနေဦးမယ်ဆိုရင်တော့ စီးပွားကျသွားစရာပဲရှိပါတယ်။ကောင်းတာနဲ့ ကောင်းတဲ့အကျိုးကိုပေးဖို့သူတို့မှာကံမပါလာလို့ပါပဲ။နောက်နောင်ဘဝသံသရာ ကိုသာမြင်တတ်ပြီး ကံရဲ့သဘာဝကိုသိတတ်မယ်ဆိုရင်တော့တစ်ဘဝဆင်းရဲ တာကိုမကြည့်ပဲအတိတ်ကပါလာတဲ့ မကောင်းကံများကို အခုပစ္စုပ္ပန်မှာလုပ်တဲ့ ကောင်းကံများနဲ့ အပေါ်သိကံဖြစ်အောင်လုပ်လို့ရပါတယ်။ယုံကြည်မှုနဲ့ဆင်းရဲ ဒဏ်ကိုခံရင်း ကောင်းမှုကိုအထပ်ထပ် လုပ်သွားဖို့ပဲလိုတာပါ။ဆင်းရဲမှာကို ကြောက်လို့ဆိုတဲ့ဆင်ခြေအတွေးနဲ့ ကြီးပွားချမ်းသာအောင်လုပ်ပေးနေတဲ့အကု သိုလ်လုပ်ငန်းကို မစွန့်နိုင်ဘူးဆိုရင်တော့ အတိတ်ကကံတွေက ပါးသွားပြီး အခုပစ္စုပ္ပန်မှာ မကောင်းတာဆက်လုပ်နေတာဟာ အနာဂါတ်ဘဝမှာ ပိုမိုဆင်းရဲ အောင်လုပ်နေတာနဲ့အတူတူပါပဲ။သံသရာဆင်းရဲကိုကြည့်လိုက်ရင် အခုခဏ ဆင်းရဲတာဟာတန်ပါတယ်။ပြီးတော့ ဆင်းရဲအောင်ပဲ ကိုယ်တိုင်လုပ်ခဲ့တာဆို တော့ခံရတာတန်တယ်ဆိုရမှာပေါ့။နောက်နောင်မဆင်းရဲအောင် ချမ်းသာကိုရှာ ဖွေတဲ့နေရာမှာတောင် မကောင်းတာနဲ့မကြီးပွားလေရအောင်ကောင်းမှုထဲမှာ မကောင်းမှုမရောစေနဲ့တော့ပေါ့။အတိတ်ကမသိလို့ လုပ်ခဲ့မိတဲ့ကံကို အပြစ်ပုံ မချတော့ပဲအခုသိခွင့်ရတဲ့အဖြစ်ကို အမိအရဆုပ်ကိုင်ပြီးမကောင်းကံအားလုံး ကိုကောင်းကံအဖြစ်ပြောင်းလဲလိုက်ပါ။တကယ်ဆို ကောင်းတာလုပ်ရင်ကောင်း တာပဲဖြစ်စေသင့်တာပေါ့။အသိမှားနေတဲ့လူသားများဟာကောင်းတာလုပ်ရက်နဲ့ မကောင်းတာကိုတွေးမိပြောမိလုပ်မိသွားတာဟာ စိတ်ကိုဖြူစင်အောင်မထား တတ်ခဲ့လို့ပါပဲ။

## ကုသိုလ်ဖြစ်ကြောင်းတရား (၁၀)ပါး

ကောင်းမှုကုသိုလ်ကိုဖြစ်စေတဲ့နေရာမှာ အကြောင်းတရားဆယ်မျိုးရှိပါတယ်။ ဒါတွေကတော့ ၁။ဒါန=လှူဒါန်းပေးကမ်းမှု ၂။ပတ္တိဒါန=ကိုယ်လုပ်လိုက်တဲ့ ကောင်းမှုကုသိုလ်ကိုအမျှဝေမှု ၃။ပတ္တာနုမောဒါန=သူများပေးတဲ့ကုသိုလ်အမျှ

ကိုဝမ်းပန်းတသာသာဓုခေါ်မှု ၄။သီလ=ကိုယ်ကျင့်တရားဖြူစင်မှု ၅။အပစာယန=ကြီးသူများကိုရိုသေလေးစားမှု(မာနမရှိမှု) ၆။ဝေယျာဝစ္စ=ကောင်းမှုလုပ်သူများကိုကူညီလုပ်ကိုင်ပေးမှု (အကူအညီလိုအပ်သူများကိုအကူအညီပေးမှု) ၇။ဘာဝနာ=တရားအားထုတ်မှု (လုပ်ပြီးသားဒါနသီလတရားများကိုပြန်လည်အောက်မေ့ဆင်ခြင်မှုလဲပါဝင်) ၈။ဓမ္မသဝန=ကိလေသာငြိမ်းကြောင်းတရားများကိုနာကြားမှု ၉။ဓမ္မဒေသနာ=မိမိသိထားတတ်ထားသည့် ကိလေသာငြိမ်းကြောင်းတရားများကို ဟောကြားပေးအသိပေးမှုနှင့် ၁၀။ဒိဋ္ဌုဇုကမ္မ=ကံ၊ကံ၏အကျိုးကိုယုံကြည်လျက် ကောင်းတာလုပ်ရင်ကောင်းတာရမည် မကောင်းတာလုပ်ရင်မကောင်းတာရမည်ဟု အယူမှန်ကန်ခြင်းတို့ပါ။

## စနစ်တကျလှူတတ်စေဖို့

အထူးအားဖြင့်မြန်မာပြည်သားအတော်များများဟာ ဒါနကောင်းမှုနဲ့ပတ်သက်ပြီးအတော့်ကိုအားကောင်းတဲ့လူမျိုးလို့ပြောရမလားမသိပါဘူး။ကိုယ့်မှာရှိတာကိုလှူဖို့ကတော့ ဝန်မလေးတဲ့လူမျိုးလို့တောင်ပြောရင်ရမယ် ထင်ပါတယ်။ဒါပေမယ့်လှူဒါန်းပေးကမ်းတဲ့နေရာမှာ စနစ်ကျဖို့တော့လိုတာပေါ့။စည်းကမ်းမကျစည်းကမ်းမရှိတဲ့လူတစ်ယောက်ကို လူအများကအထင်မကြီးတတ်သလို စည်းကမ်းမရှိတဲ့အတွက်အပြစ်တွေကလဲ နောက်ကတန်းစီလိုက်လာတတ်သလိုပေါ့။ဒါကြောင့်လှူတဲ့နေရာမှာအကြမ်းအားဖြင့် ၁။ဒါနကောင်းမှုဟာစိတ်ထားဖြူစင်ဖို့ ၂။လုပ်ထားတဲ့ဒါနကောင်းမှုကိုအများကိုပေးဝေဖို့ ၃။သူများဒါနလုပ်တာကိုဝမ်းသာတဲ့စိတ်ထားတတ်ဖို့(အမျှပေးရင်သာဓု=ကောင်းတယ်ကောင်းတယ်လို့ကျေနပ်တတ်ဖို့ပါ) သုံးမျိုးပါဝင်စေသင့်ပါတယ်။

ဒါနကောင်းမှုလုပ်တဲ့နေရာမှာ စိတ်ထားဖြူစင်မှုကြောင့်ပြည့်ဝတဲ့ဘဝကိုပိုင်ဆိုင်ကြသလိုစိတ်ထားမသန့်ရှင်းကြတာကြောင့် ဘဝကောင်းလေးရပေမယ့်လို့မကောင်းတာနဲ့ကြီးပွားချမ်းသာရင်းနောက်မှဆင်းရဲတွေ တသီတတန်းလိုက်လာတတ်တာကိုအထက်ကဖေါ်ပြချက်တွေအရ သိနိုင်လောက်ပါပြီ။လုပ်ထားတဲ့

ဒါနကောင်းမှုကိုအများကိုပေးရတာနဲ့ပတ်သက်ပြီး ရလာနိုင်တဲ့အကျိုးဆက်လေးတွေနည်းနည်းဖေါ်ပြပေးချင်ပါတယ်။တချို့လူများဟာ ကုသိုလ်လုပ်တာပဲရေစက်ချစရာမလိုပါဘူးလို့ပြောတာကို ကြားဖူးကောင်းကြားဖူးကြပါလိမ့်မယ်။ရေစက်သွန်းချအမျှပေးဝေတာဟာ ကုသိုလ်ဖြစ်ကြောင်းထဲမှာ ပတ္တိဒါန=ကိုယ်ကောင်းမှုကိုအများကိုပေးဝေခြင်းဖြစ်တာကြောင့် ပြည့်စုံတဲ့ဒါနလို့ခေါ်ရမှာပါ။ဘာဖြစ်လို့ပြည့်စုံစေရတာလဲဆိုတော့ အကြောင်းပြည့်စုံရင် အကျိုးပါပြည့်စုံစေတာကြောင့်ပါ။ကုသိုလ်လုပ်ပြီးနောက် ရေစက်သွန်းချအမျှပေးဝေတဲ့အတွက်မျှော်မှန်းလို့မရနိုင်တဲ့အကျိုးတွေကိုရစေနိုင်တာပါ။ဘုရားရှင်ဟောကြားထားတဲ့ဒေဝဒူတသုတ်အကြောင်းကို အနည်းငယ်ပြောပြချင်ပါတယ်။ဒေဝဒူတ=နတ်တမာန်တော်များဟာ ၁။ကလေး ၂။သူအို ၃။သူသေ ၄။သူနာ ၅။ထောင်သားဆိုပြီး ငါးယောက်ရှိပါတယ်။ကုသိုလ်လုပ်သူတစ်ယောက်ယောက်ဟာသေခါနီးမေ့မျောသွားလို့ပဲဖြစ်ဖြစ် သေငယ်ဇောနဲ့မျောနေတာပဲဖြစ်ဖြစ်တခါတလေမှာငရဲကို ရောက်သွားတတ်ပါသတဲ့။ငရဲကိုရောက်သွားတဲ့အချိန်မှာငရဲမင်းကြီးက ရောက်လာသူကို ထုံးစံအတိုင်းစစ်ရတာပေ့ါ(အကုသိုလ်များလို့အကုသိုလ်သက်သက်နဲ့ငရဲရောက်သူများကိုစစ်စရာမလိုပါဘူး။သူတို့အတွက်သူတို့လုပ်ခဲ့တဲ့ကံအတိုင်းအကျိုးခံရတော့မှာပါ။ဥပမာအရက်သောက်ပြီးသေတဲ့လူတစ်ယောက်ငရဲကိုရောက်သွားတယ်ဆိုရင် သူ့အတွက်ကတော့ပါးစပ်ထဲကိုသံပူတွေလောင်းထည့်ပေးတဲ့ငရဲကိုရောက်မှာပါ)။သနားစိတ် ကြင်နာစိတ်များတဲ့ငရဲမင်းကရောက်လာသူကို ၁။မင်းလူ့ပြည်မှာနေတုန်းက ကလေးတွေကိုမြင်ဖူးရဲ့လားလို့အရင်မေးပါသတဲ့။ကျွန်တော်မြင်ဖူးပါတယ်လို့ဖြေရင်ငရဲမင်းကမင်းမြင်တဲ့အချိန်မှာဘာစိတ်များဘာသံဝေဂများဖြစ်ပါသလဲထပ်မေးပြန်ရောတဲ့။ကျွန်တော်ကကလေးကိုကလေးလိုပဲမြင်တယ်ဆိုရင်တော့ ဖြေသူအတွက်မကောင်းတဲ့လက္ခဏာပါ။ငရဲမင်းကြားချင်တဲ့အဖြေကကလေးဆိုတာကိလေသာရှိလို့မွေးဖွားလာရတယ် ကိလေသာကြောင့်မွေးဖွားလာရသူအားလုံးဟာ ငယ်စဉ်ဘဝမှာအပေ့ါအပါးကို ကိုယ်တိုင်မလုပ်နိုင်တဲ့အတွက် မိဘများကကူပေးရတယ်။တကယ်လို့ကူပေးသူချက်ချင်းရောက်မလာဘူးဆိုရင်အပေ့ါအပါးနဲ့ပဲလူးပြီးနေရ

တာဖြစ်တဲ့အတွက်အတော်ကို စိတ်ပျက်စရာကောင်းတယ်ပေါ့။အဲဒီလိုအတွေး တွေသံဝေဂတွေဝင်လာရင် ကလေးဘဝနဲ့ပြန်လည်မွေးဖွားချင်စိတ်မရှိတော့ဘူး။ ပြန်မမွေးဖို့အတွက်ဆိုကိလေသာကုန်ကြောင်းကိုလုပ်ရမှာပေါ့။သံဝေဂများရလေ မလားလို့ငရဲမင်းကမေးတာပါ။အဲဒီမေးခွန်းပြီးရင်နောက်တစ်ခါ ၂။လူ့ပြည်မှာ လူအိုတွေရောမတွေ့ဘူးလားလို့ ထပ်မေးပါသတဲ့။ဟုတ်ကဲ့တွေ့ခဲ့ပါတယ်။ဒါပေ မယ့်ကျွန်တော်အိုရဦးမယ်ဆိုတဲ့ အတွေးများမဝင်ခဲ့ဘူး နောက်နောင်ဘဝတွေမှာ မအိုရာကိုရောက်အောင်ကြိုးစားရမယ်ဆိုတဲ့ အတွေးမဝင်ခဲ့ဘူးဆိုရင်လဲ ငရဲမင်း ကခေါင်းခါပြန်ပါသတဲ့။ပြီးတော့တစ်ခါ ၃။လူသေတွေကိုရောမြင်ဖူးရဲ့လားလို့ မေးတဲ့အချိန်မှာဖြေသူကမြင်ဖူးရုံတင်ဘယ်ကမလဲ မိတ်ဆွေအသိသူငယ်ချင်း ဆွေမျိုးတွေသေတဲ့အသုဘကိုတောင် အခါခါလိုက်ပို့သေးပေမယ့် ကျွန်တော်လဲ အဲလိုသေရဦးမယ် အသေမဦးခင်ကုသိုလ်တွေလုပ်ဖို့ မသေရာဖြစ်တဲ့နေရာကို ရောက်ဖို့တော့သံဝေဂမရခဲ့ပါဘူးဆိုရင်လဲ ငရဲမင်းကစိတ်မကောင်းစွာနဲ့ခေါင်း ရမ်းပြန်ရောတဲ့။ ၄။သူနာနဲ့ပတ်သက်တာကိုပါသံဝေဂရခဲ့လေသလားလို့မေးပြီး။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ၅။ထောင်သားတွေကိုရောမမြင်ခဲ့ဖူးဘူးလားလို့မေးတဲ့ အချိန်မှာ ဟာကျွန်တော်မြင်ဖူးတာပေါ့ သူတို့တွေဟာ အပြစ်ရှိသူတွေမို့ထောင် ကျတာလေဒါပေမယ့် ကျွန်တော်အကုသိုလ်တွေလုပ်မိလို့ နောက်နောက်ဘဝ တွေမှာဘဝဆိုတဲ့ ထောင်ထဲကိုပြန်ရောက်ရဦးမယ်လို့တော့ မတွေးမိဘူးဗျာ လို့ဖြေမယ်ဆိုရင်ဖြေကြားသူ အတွက်ဝမ်းနည်းစရာပါ။ဘာလို့ဆိုမေးခွန်းငါးခုလုံး ကိုသံဝေဂဉာဏ်ပါပါနဲ့မဖြေနိုင်ခဲ့ဘူးဆိုရင် ငရဲကလွတ်ကြောင်းစာမေးပွဲကို အောင်မှာမဟုတ်လို့ပါပဲ။ဒါပေမယ့် ကံကောင်းစရာအကြောင်းလေးတစ်ခုရှိပါ သေးတယ်။တကယ်လို့မေးခွန်းငါးခုလုံးကို မှားယွင်းစွာဖြေခဲ့ရင်ငရဲမင်းကပြန် လည်စဉ်းစားပါသတဲ့။ဒီလူလူ့ပြည်မှာတုန်းက ကောင်းမှုလုပ်ခဲ့ရဲ့လားကောင်းမှု လုပ်တဲ့အချိန်မှာရောငါ့နာမည်ကိုခေါ်ပြီးအမျှအတန်းပေးဝေခဲ့ရဲ့လားလို့။ကောင်း မှုကုသိုလ်ကိုအမျှအတန်းပေးဝေသူဆိုရင်တော့ မေးခွန်းများကိုအလွဲလွဲအချော် ချော်ဖြေခဲ့ပေမယ့်အမျှဝေခဲ့တဲ့အကြောင်းကိုငရဲမင်းက ဘယ်နေ့ဘယ်ရက်ဘယ် နေရာမှာကုသိုလ်လုပ်ပြီး အမျှပေးဝေခဲ့ကြောင်းပြောပြတဲ့အချိန်လုပ်ခဲ့တဲ့ကုသိုလ်

ကိုသတိရပြီးချက်ချင်း ငရဲကလွတ်ပါသတဲ့။ငရဲပြည်ဆိုတာကုသိုလ်စိတ်လုံးဝဖြစ်ခွင့်မရှိတဲ့နေရာမို့ကုသိုလ်စိတ်ဖြစ်တာနဲ့ ချက်ချင်းငရဲကလွတ်ရတာပါ။တကယ်လို့များကုသိုလ်တော့လုပ်ခဲ့ပါရဲ့အမျှမပေးခဲ့ဘူးဆိုရင်တော့ ကာယကံရှင်အတွက်မျှော်လင့်စရာမရှိတော့ပဲ မကောင်းကံကိုငရဲမှာ အပြည့်ခံပြီးလုပ်ခဲ့တဲ့ကုသိုလ်ကံကိုတော့ငရဲကလွတ်မှစံဖို့စိတ်ကူးပါတော့။ဒါကြောင့်ကောင်းမှုလုပ်ပြီးတိုင်းရေစက်သွန်းချအမျှပေးဝေဖို့လဲလိုအပ်တာပေါ့။ပြီးတော့ဒေဝဒူတ=နတ်တမန်တော်ငါးယောက်ကိုတွေ့တဲ့အချိန်မှာလဲ သံဝေဂဉာဏ်ပွားတတ်ဖို့မမေ့ကြပါနဲ့။အဲလိုအမျှပေးတဲ့အတွက်သာဓုခေါ်ပြီးကောင်းရာမွန်ရာကိုရောက်သွားနိုင်တဲ့သရဲပြိတ္တာများလဲရှိပါတယ်။သူတို့ကတော့သာဓုခေါ်ရကျိုး (ပတ္တာနုမောဒနာအကျိုး) ကိုအပြည့်အဝရရှိခံစားရသူများပေါ့။

## အကြောင်းကောင်းအောင်လုပ်နည်း

ကာမကုသိုလ်ဖြစ်တဲ့ ဒါန=အလှူပေးတဲ့အချိန်မှာ တကယ့်ကိုစိတ်ပါမှုရှိဖို့လိုအပ်သလိုကိုယ်လုပ်တဲ့ဒါနအပေါ်မှာလဲ တခြားအတွေးတတ်နိုင်သလောက်မပါစေပဲ ကောင်းတာကိုပဲတွေးမိလုပ်မိပြောမိနေဖို့ တကယ်အရေးကြီးပါတယ်။ပြီးတော့ ဒါနလုပ်သူများကံ၊ကံရဲ့အကျိုးကိုသာသိပြီး လူဖြစ်ချင်နတ်ဖြစ်ချင်ချမ်းသာချင်စတဲ့လောကီအာရုံကိုတမ်းတပြီး မလှူမိစေဖို့ဒုက္ခကင်းဝေးရာနိဗ္ဗာန်ကိုရောက်ခြင်းရခြင်းအထောက်အပံ့ဖြစ်စေချင်လို့သာလှူဒါန်းပေးကမ်းတယ်လို့စိတ်ထဲမှာရှိနေစေရမှာပါ။ဒါဟာနောက်နောင်ဘဝတွေမှာ ကောင်းကံရဲ့အကျိုးကိုခံစားရတယ်ဆိုရင်ကောင်းမှုလုပ်တုန်းက ကောင်းဉာဏ်ပါခဲ့တာကြောင့်မာနဖြစ်စရာလောဘကြီးစရာ ဒေါသထွက်စရာကောင်းတဲ့ သားသမီးဆွေမျိုးများနဲ့တွေ့စရာအကြောင်းမရှိတော့တာမို့ လွတ်မြောက်ရာလမ်းကိုအလွယ်တကူရှာဖွေနိုင်တဲ့သူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ပြီးတော့ကိုယ်လုပ်တဲ့ဒါနအပေါ်မှာ အာရုံတအားစိုက်ရတဲ့အတွက် မလှူခင်မှာလဲ စိတ်ထားဖြူစင်နေသလိုလှူတုန်းနဲ့လှူပြီးမှာလဲစိတ်ကစင်ကြယ်နေမှာမို့ အကျိုးခံစားရသူဟာ ဘဝရဲ့အရှယ်သုံးပါး

လုံးမှာမကောင်းတာကို ခံစားရမယ့်အနေအထားမရှိတော့ပါဘူး။ဘာဖြစ်လို့လဲဆိုတော့ရှေ့လယ်နောက်စေတနာသုံးပါးလုံးသန့်ရှင်းစင်ကြယ်ထားလို့ပါ။

## သီလစင်ကြယ်အောင်လုပ်နည်း

သီလဆောက်တည်သူများဟာလဲ ၁။သီလဖြူစင်ဖို့လိုအပ်ပါတယ်ပြီးတော့ ၂။ကြီးသူများကိုရိုသေလေးစားတတ်ဖို့(အသက်ကြီးသူဂုဏ်သိက္ခာကြီးသူများ)နဲ့ ၃။ကူညီပါဝင်လုပ်ကိုင်ပေးတတ်ဖို့ လိုအပ်ပါသေးတယ်။ပြည့်ဝတဲ့သီလဖြစ်စေဖို့ပါ။သီလဖြူစင်တယ်ဆိုတာ ငါးပါးသီလကိုမာန်မာနမပါ လိုချင်မှုမဖက် ဒေါသကြမ်းတမ်းမှုမပါဝင်ပဲ ဆောက်တည်တဲ့သီလဖြစ်ဖို့လိုအပ်ပါတယ်။ဒုါအပြင်ကြီးသူများရဟန်းသာမဏေများကိုပါ ရိုသေလေးစားတတ်ဖို့လိုပါတယ်။ဒါလဲသီလကိုယ်ကျင့်တရားပါပဲ။တချို့ပုဂ္ဂိုလ်များက ရဟန်းငယ်ကိုရင်ငယ်တွေဆိုအရိုအသေမပေးချင်တတ်ကြပါဘူး။သူတို့ရဲ့အတွေးကရဟန်းငယ်၊ကိုရင်ငယ်များဟာမထေရ်ကြီးများလောက် အကျင့်မရှိကြလို့ပါတဲ့။တကယ်တော့အရိုအသေပေးတာဟာသူ့အတွက်မဟုတ်ပါဘူး ကိုယ့်အတွက်ပဲဖြစ်တယ်ဆိုတာကိုသိရင်အရိုအသေပေးဖို့ဝန်မလေးလောက်ပါဘူး။အရိုအသေအပေးခံရသူများဟာငယ်သည်ဖြစ်စေကြီးသည်ဖြစ်စေ ခန္ဓာကိုအရိုအသေပေးတာမဟုတ်ပါဘူး။သူတို့ဆောက်တည်ထားတဲ့ကိုယ့်ထက်များတဲ့သီလဘုရားဟောတရားတော်များကိုဆောင်ထားတယ်ဆိုတဲ့ဂုဏ်စတာကိုအရိုအသေပေးရှိခိုးတာပါ။ရှိခိုးလိုက်တဲ့အတွက်အရိုအသေပေးခံ ရဟန်းသာမဏေများမှာဘာအကျိုးမှမရနိုင်ပါဘူး။ဒါပေမယ့်ရှိခိုးသူအရိုအသေပေးသူများမှာတော့အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်း ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးလေးမျိုးကိုရနိုင်ပါတယ်။နောက်ဘဝမှာရနိုင်တာကိုမကြည့်ပါနဲ့ဦးအခုလုပ်လိုက်တဲ့အကြောင်းကိုပဲပြန်ကြည့်ပါ။တကယ့်ကိုရိုသေလေးစားစိတ်နဲ့ရှိခိုးသူများမှာ ၁။မာနမရှိပါဘူး ၂။ဒေါသပျောက်နေပါတယ် ၃။မေတ္တာစိတ်တွေပြန့်ပြီး ၄။သဒ္ဓါတရားတွေပွားနေပါတယ်။မာနမရှိဒေါသပျောက်နေတဲ့အတွက် မာနရဲ့ဆိုးကျိုးဒေါသရဲ့ဆိုးကျိုးများဖြစ်တဲ့ အသက်တိုခြင်းအဆင်းမလှခြင်းတွေပျောက်ပြီးရှိခိုးသူရဲ့စိတ်ဟာ တည်ငြိမ်အေးချမ်းနေတဲ့အတွက်

အသက်ကိုရှည်စေပါတယ်။ပြီးတော့စိတ်ကြည်တဲ့အတွက်ရုပ်လဲလှပါတယ်။အသက်ရှည်ရုပ်လှတဲ့အတွက်စိတ်ချမ်းသာရပါတယ်။စိတ်ချမ်းသာတော့ စိတ်ခွန်အားတွေပြည့်ရတာပေါ့။မေတ္တာစိတ်ပြန့်ပွားတဲ့အကျိုးနဲ့ သဒ္ဓါတရားပွားကျိုးတွေကပါပေးလိုက်ပြီဆိုရင် အသက်ရှည်အဆင်းလှ ချမ်းသာခွန်အားကြီးဖို့ကဘဝတွေများစွာကိုကူးစက်သွားစေမှာပါ။ဒါကြောင့် အကျိုးကိုမျှော်ပြီးအကျိုးကောင်းကောင်းလိုလားတယ်ဆိုရင် အကြောင်းကောင်းဖို့အဓိကကျတယ်ဆိုတာကိုအသိပေးချင်ပါတယ်။ဒါကလဲစိတ်ထားဖြူစင်မှုရနိုင်တဲ့ အကျိုးမို့ကောင်းမှုဆောင်ဖြူအောင်စိတ်ကိုထားဖို့ဟာသံသရာခရီးကိုသွားတဲ့ အချိန်မှာတကယ့်ကိုလိုအပ်ပါတယ်။

## ဒါနကြောင့်ရနိုင်တဲ့အကျိုး

အကြောင်းကောင်းအောင်လုပ်နေသူများအကျိုးကောင်းကြောင်းလေးပါသိထားသင့်ပါသေးတယ်။စိတ်ထားဖြူစင်မှုနဲ့ လုပ်လိုက်တဲ့အတွက်ရလာတဲ့အကျိုးရလာဒ်ကတော့အမြောက်အမြားပဲရှိပါတယ်။ဒါနဲ့ပတ်သက်ပြီး အကြောင်းအလုပ်ခံသို့မဟုတ် အလှူခံပုဂ္ဂိုလ်များကိုလဲ သိထားဖို့လိုအပ်လာပြန်ရော။အကုသိုလ်လုပ်တုန်းကအတိုင်းပဲ အလှူခံကုသိုလ် အပြုခံများဟာလဲ(၁၄)ဦးရှိပါတယ်။ ၁။တိရစ္ဆာန် ၂။သီလမဲ့သူ ၃။သီလရှိသူ ၄။ဈာန်ရသူ ၅။၆။၇။၈။၉။၁၀။၁၁။ ၁၂။အရိယာပုဂ္ဂိုလ်ရယောက် ၁၃။ပစ္စေကဗုဒ္ဓါနဲ့ ၁၄။ဘုရားရှင်တို့ပါ။အလှူခံများအပေါ်မှာ စိတ်ဖြူစင်စွာနဲ့ပြုလုပ်လိုက်တဲ့အတွက် ရလာနိုင်တဲ့အကျိုးများကိုအကြမ်းအားဖြင့်မှတ်သားထားနိုင်ပါတယ်။ ၁။တိရစ္ဆာန်တစ်ကောင်ကောင်ကိုထမင်းလေးတစ်နပ်စာလောက်လှူဒါန်းကျွေးမွေးခဲ့မယ်ဆိုရင် ဘဝပေါင်း(၁၀၀)တိတိအသက်ရှည်ခြင်းအဆင်းလှခြင်း ချမ်းသာခြင်းနဲ့ခွန်အားကြီးခြင်းအကျိုးများကိုရစေနိုင်ပါတယ်။အဲဒီလိုပဲ ၂။သီလမဲ့သူကိုလှူရင်ဘဝပေါင်း(၁၀၀၀) ၃။သီလရှိသူကိုလှူရင်ဘဝပေါင်း(၁၀၀၀၀၀=တစ်သိန်း) ၄။ဈာန်ရသူကိုလှူရင်ဘဝပေါင်း(ကုဋေတစ်သိန်း)နဲ့ကျန်အရိယာနဲ့ ဘုရားရှင်တို့ကို လှူရင်တော့ဘဝပေါင်းအသင်္ချေအနန္တထိအကျိုးပေးနိုင်ပါတယ်။(အသင်္ချေကိုရေတွက်ပုံမှာ ၁ နောင်

သုံညအလုံးပေါင်း(၁၄၀) ထည့်ပြီးရေတွက်ရမယ်လို့ ဆရာများညွှန်ကြားပြောဆိုကြပါတယ်။)

အခုအလှူအတွက်အကျိုးပေးပုံဟာတစ်ယောက်တစ်ယောက်ကိုသာရည်ရွယ်ပြီးလှူဒါန်းတဲ့ ပုဂ္ဂလိကဒါနအကျိုးပါ။ဘုရားရှင်ကိုလှူဒါန်းတဲ့ ပုဂ္ဂလိကဒါနက သံဃိကဒါနထက် မြင့်မြတ်သလိုသံဃာအားရည်မှန်းပြီးလှူဒါန်းတဲ့သံဃိကဒါနကတော့ပုဂ္ဂလိကဒါနအားလုံးထက် အကျိုးပိုများပြီးပိုမိုမြင့်မြတ်ပါတယ်။အကျိုးတွေအဆင့်ဆင့်ကွာခြားသွားရတာကအလှူခံပုဂ္ဂိုလ်များရဲ့ကိလေသာစင်ကြယ်မှု မစင်ကြယ်မှုအပေါ်မှာမူတည်လို့ပါ။ဘုရားရှင်ရဲ့ကိလေသာစင်ကြယ်ပုံကတော့ ဘယ်သူနဲ့မှနှိုင်းမရလို့ အနှိုင်းအဆမဲ့အကျိုးကိုရစေတာပါ။ပြီးတော့သံဃိကဒါနပေါ့။သူကလဲမိမိတို့ဆွမ်းကပ်တဲ့ဘုန်းကြီးကိုသာမြင်မနေပဲဘုရားလက်ထက်ကထင်ရှားခဲ့တဲ့ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် ရှင်အာနန္ဒာ ရှင်မဟာကဿပစတဲ့ရဟန္တာကြီးများအပါအဝင်မြတ်စွာဘုရားဟောကြားတဲ့ဓမ္မဒေသနာတော်ကိုအဆင့်ဆင့်သယ်ဆောင်လာကြတဲ့ ရဟန္တာများကိုသာရည်မှန်းပြီးဆွမ်းကပ်ခဲ့မယ်ဆိုရင်အကျိုးကိုပိုများစေနိုင်ပါတယ်။ဒါကြောင့်အကျိုးများခြင်းနည်းခြင်းဆိုတာကလဲအလှူရှင်များရဲ့သဒ္ဓါနဲ့အသိအပေါ်မှာအများကြီးမူတည်နေပါတယ်။ပြီးတော့အလှူရှင်များရဲ့စေတနာဖြူစင်မှု ကံအပေါ်မှာယုံကြည်မှု အလှူအပေါ်မှာစိတ်ပါဝင်စားမှု အလှူကိုအားတက်သရောနဲ့မဖြစ်ဖြစ်အောင်ကြိုးစားမှုအပေါ်မှာမူတည်ပြီး အလှူရှင်များရဲ့အလိုဆန္ဒအတိုင်းလူဖြစ်ခြင်း လူမှာလဲမင်းဖြစ်ခြင်းသူဌေးဖြစ်ခြင်းစသည်တို့ဖြစ်နိုင်သလို နတ်ပြည်ခြောက်ထပ်ကိုလဲ မိမိတို့ရဲ့ဆန္ဒအတိုင်းရွေးချယ်ပိုင်ခွင့်တို့ပါရလာနိုင်ပါတယ်။ဓမ္မိကဥပသကာလိုပေါ့။အလှူရှင်များဟာကိုယ့်ဆန္ဒအတိုင်းအကျိုးကိုရလိုတယ်ဆိုရင် အကြောင်းကောင်းအောင်လုပ်ထားဖို့ရယ်စိတ်ထားကိုဖြူစင်သထက်ဖြူစင်ထားဖို့ရယ်နဲ့ကောင်းမှုလုပ်တဲ့အချိန်မှာမကောင်းမှုတွေရောမပါစေဖို့ရယ်က အဓိကအခန်းကဏ္ဍမှာရှိနေပါတယ်။ကောင်းမှုပြည့်တဲ့လူသားများအတွက် တက်ကပ်မှာအသက်ရှည်ရပေမယ့်လို့ဆုတ်ကပ်မှာတော့ အသက်တိုရပါတော့တယ်။အထူးအားဖြင့်တောင်ကျွန်းသားများဟာသက်တမ်းမမြဲပါဘူး။မွေးပြီးမကြာခင်သေသူများရှိသလိုအသက်တစ်

ကံဟူသည်

ဝက်လောက်နေရသူများလဲရှိပါတယ်။အသက်ထက်ဆုံးနေရသူများလဲမရှားဘူး ပေါ့။ဒါပေမယ့်သက်တမ်းမြဲတဲ့ မြောက်ကျွန်းသားများ(သက်တမ်း၁၀၀၀) အရှေ့ ကျွန်းသားများ(သက်တမ်း၇၀၀)နဲ့ အနောက်ကျွန်းသားများ(သက်တမ်း၅၀၀) နဲ့စာရင်တော့တောင်ကျွန်းသားများဟာ အသက်မြဲသူများပဲပေါ့။ကာမကုသိုလ် ကံကြောင့်ရတဲ့ အသက်တိုမှုရှည်မှုဟာ တောင်ကျွန်းသားများအတွက်သာဖြစ်ပြီး ကျန်ကျွန်းသားများနဲ့နတ်များကတော့ သက်တမ်းမြဲကြပါတယ်။တောင်ကျွန်း သားတွေအသက်မမြဲကြတာဟာသီလနည်းကြလို့ပါ။ကျန်ကျွန်းသားများဟာသီ လမြဲကြပါသတဲ့။သက်တမ်းမြဲတဲ့ နတ်တို့အသက်ကို လူနှစ်နတ်နှစ်နဲ့ဇယား မှာဖေါ်ပြထားပါတယ်။

| သက်တမ်းမြဲသော နတ်နှစ်ကို လူတို့နှစ်ဖြင့် ပြပုံ | | | |
|---|---|---|---|
| နတ်ပြည် ၆-ထပ် | နတ်သက်နှစ် | လူတို့နှစ် (သန်း) | နတ်တို့ ၁-ရက်လူတို့နှစ် |
| ၁။ စာတုမဟာရာဇ် | -၅၀၀ | ၉ | နတ် ၁ရက် လူ့သက် ၅၀ |
| ၂။ တာဝတိံ သာ | -၁၀၀၀ | ၉ x ၄ = ၃၆ | နတ် ၁ ရက် လူ့သက် ၁၀၀ |
| ၃။ ယာမာ | -၂၀၀၀ | ၃၆ x ၄ =၁၄၄ | နတ် ၁ ရက် လူ့သက် ၂၀၀ |
| ၄။ တုသိတာ | -၄၀၀၀ | ၁၄၄ x ၄ =၅၇၆ | နတ် ၁ ရက် လူ့သက် ၄၀၀ |
| ၅။ နိမ္မာနရတိ | -၈၀၀၀ | ၅၇၆ x ၄ =၂၃၀၄ | နတ် ၁ ရက် လူ့သက် ၈၀၀ |
| ၆။ပရနိမ္မိတဝသဝတ္တိ | -၁၆၀၀၀ | ၂၀၃၄ x ၄=၉၂၁၆ | နတ် ၁ ရက် လူ့သက် ၁၆၀၀ |

## ၃။ဖြူအောင်စိတ်ကိုထား

ကိုယ်နဲ့လုပ်တဲ့ကာယကံ နှုတ်နဲ့ပြောတဲ့ဝစီကံတို့ကိုသာမက စိတ်နဲ့လုပ်ရတဲ့ မနောကံအကြောင်းလေးကိုပါ စိတ်ရှိသူတိုင်းသိထားသင့်ပါသေးတယ်။စိတ်ဟာ အရာရာကိုဖြစ်စေနိုင်စွမ်းရှိတာကြောင့်ပါ။စိတ်ကို ဖြူစင်အောင်ထားဖို့အတွက် နည်းလမ်းနှစ်မျိုးရှိပါတယ်။တစ်မျိုးကကာမချမ်းသာထက် အဆတစ်ရာတစ် ထောင်မကသာလွန်တဲ့ကိလေသာကိုငြိမ်သက်စေတဲ့ သမထဘာဝနာပွားများမှု အားထုတ်မှုနဲ့ နောက်တစ်မျိုးကသမထချမ်းသာထက် အနိုင်းမဲ့ချမ်းသာငြိမ်းအေး မှုအရသာကိုပေးနိုင်တဲ့ ဝိပဿနာဘာဝနာအားထုတ်မှုပါ။သမထအလုပ်ဆိုတာ စိတ်ကိုငြိမ်အောင်ထိန်းထားရုံသက်သက်ပါ။တနည်းပြောရမယ်ဆိုရင်အကုသိုလ် စိတ်ပေါ်မလာရုံလေးထိန်းထားရုံပါ။အကုသိုလ်စိတ်ပေါ်မလာတော့တဲ့အတွက် အတိုင်းအတာတစ်ခုထိတော့ ဘဝကိုငြိမ်းစေမှာအမှန်ပါပဲ။အဲဒီငြိမ်းအေးမှုဟာ လဲကာမချမ်းသာကြောင့်ငြိမ်းအေးတာထက်တော့ပိုမိုပါတယ်။သမထဘာဝနာအ ားထုတ်ရင်းနဲ့ငြိမ်းအေးမှုရအောင် ဘယ်လိုများလုပ်ရပါ့မလဲနည်းလမ်းတွေက ဘာတွေလဲလို့အတွေးများနေစရာမလိုပါဘူး။ဘုရားရှင်က အပြည့်အစုံဟောခဲ့ပြီး သားပါ။သမထဘာဝနာအားထုတ်တဲ့သူများအတွက်ရနိုင်တဲ့အကျိုးတရားတွေက ပဌမစျာန်၊ဒုတိယစျာန်၊တတိယစျာန်နဲ့စတုတ္ထစျာန်တို့ပါပဲ။ဒါကရူပစျာန်များပေါ့။ အရူပဘုံကိုရောက်စေနိုင်တဲ့အရူပစျာန်လဲလေးပါးရှိပါသေးတယ်။အကျိုးလိုလား သူများအကျိုးကိုရစေနိုင်တဲ့ အကြောင်းတရားများကိုလဲသိသင့်ပါတယ်။စျာန် တရားကိုရစေနိုင်တဲ့အကြောင်းတရားများကတော့ ၁။သီလနဲ့ပြည့်စုံခြင်း၂။စောင့် စည်းအပ်တဲ့ဣန္ဒြေနဲ့ပြည့်စုံခြင်း ၃။စားအပ်သောဘောဇဉ်၌အတိုင်းအရှည်ကို သိခြင်း ၄။နိုးကြားမှုနှင့်ပြည့်စုံခြင်း ၅။သူတော်ကောင်းတရား (၇)ပါးနဲ့ပြည့်စုံခြင်း တို့ပဲဖြစ်ပါတယ်။ ၁။သီလနဲ့ပြည့်စုံခြင်းဆိုတာ ဆောင်သီလ(မိဘနဲ့သားသမီး ဆရာနဲ့တပည့်အလုပ်ရှင်နဲ့အလုပ်သမားစတဲ့လောကဝတ်များကို ပြည့်စုံစေခြင်း) နဲ့ရှောင်သီလကိုပြည့်စုံစေရမှာဖြစ်သလို အပြစ်သေးသေးလေးမှာတောင်မှအ ပြစ်ကြီးတယ်လို့သဘောထားပြီး ဆောက်တည်ထားတဲ့ သီလကိုမကျိုးမပျက်

စေခြင်းကိုဆိုလိုတာပါ။ ၂။ဣန္ဒြေနဲ့ပြည့်စုံစေခြင်းဆိုတာကလဲမျက်စိနဲ့မြင်ရတဲ့ ရူပါရုံအပေါ်မှာမိန်းမယောကျာ်းလက်ခြေစသည်ဖြင့်စွဲလန်းမှုမရှိတာအသံကိုကြား တဲ့အချိန်မှာလဲချီးမွမ်းတယ် ကဲ့ရဲ့တယ်လို့သဘောမထားတာ အနံ့ရတဲ့အချိန် မှာလဲကောင်းတယ်ဆိုးတယ်လို့မယူတာ စားရတဲ့အချိန်မှာလဲ ချဉ်တယ်ငန်တယ် စသည်ဖြင့်အကောင်းအဆိုးကိုမခံစားတာ တွေ့ထိရတဲ့အချိန်မှာလဲ နူးညံ့တယ် ကြမ်းတမ်းတယ်လို့ လောကရဲ့ပညတ်နောက်ကို မလိုက်တာကိုပြောတာပါ။ ၃။စားအပ်တဲ့ဘောဇဉ်၌အတိုင်းအရှည်ကိုသိတယ်ဆိုတာ သမထကမ္မဋ္ဌာန်းအား ထုတ်နေသူတစ်ယောက်ဟာ စားတဲ့အစာကိုဆင်ခြင်ပြီးစားရပါတယ်။ဒီအစာကို စားတာဟာမြူးတူးပျော်ပါးဖို့မဟုတ်မာန်ယစ်ဖို့မဟုတ်အသားပြည့်ဖြိုးအလှတိုးရန် မဟုတ်ဆာလောင်မွတ်သိပ်မှုကိုပယ်ပြီးမြတ်သောအကျင့်ကိုကျင့်ရန်သာစားခြင်း ဖြစ်တယ်။ဒီလိုစားလိုက်ရလို့ ဆာလောင်မှုဝေဒနာဟောင်းကိုပယ်ပြီး နောက်ထပ် ဆာလောင်ခြင်းဆိုတဲ့ဝေဒနာအသစ်မဖြစ်တဲ့အတွက် အပြစ်မရှိခြင်းချမ်းသာစွာ နေရခြင်းအကျိုးများအတွက်သာဖြစ်တယ်လို့ စားတဲ့အစာမှာအတိုင်းအရှည်ကို သိပြီးနေရမှာပါ။ ၄။နိုးကြားမှုနဲ့ပြည့်စုံနေစရမယ်ဆိုတာ တရားအားထုတ်နေသူ ဟာနေ့မှာဖြစ်ဖြစ် ညမှာဖြစ်ဖြစ် လျောင်း၊ထိုင်၊ရပ်၊သွား ဆိုတဲ့ဣရိယာပုထ် လေးပါးနဲ့ပြည့်စုံပြီးတော့ ကုသိုလ်တရားများကိုပိတ်ပင်တတ်တဲ့အကုသိုလ်တ ရားများကိုပယ်ဖျောက်ခြင်းဖြင့် စိတ်ကိုသတိနဲ့ ကပ်ပြီးနေတာကိုဆိုလိုတာပါ။ ၅။သူတော်ကောင်းတရား(၇)ပါးနဲ့ပြည့်စုံခြင်းဆိုတာ တရားအားထုတ်နေသူတစ် ယောက်ဟာ ၁။သဒ္ဓါ=ဘုရားရှင်အပေါ်မှာယုံကြည်မှုရှိခြင်း ၂။ကာယကံဝစီကံ မနောကံတို့နဲ့အကုသိုလ်လုပ်ရမှာရှက်ခြင်း ၃။ယုတ်ညံ့တဲ့အကုသိုလ်များကို ကာယကံဝစီကံမနောကံတို့နဲ့လုပ်ရမှာကြောက်ခြင်း ၄။ဘုရားဟောတရားတော် နဲ့ပတ်သက်ပြီးကြားနာဖူးတဲ့အတွေ့အကြုံရှိခြင်း ၅။အကုသိုလ်တရားတွေကို ပယ်ဖျောက်ခြင်းငှါကြိုးစားအားထုတ်နေခြင်း ၆။သတိနဲ့ပြည့်စုံခြင်း ၇။ပညာနဲ့ ပြည့်စုံနေရပါမယ်။အထက်ကဖေါ်ပြခဲ့တဲ့ အကြောင်းတရားငါးပါးနဲ့သာပြည့်စုံလာ ပြီဆိုရင်သမထဘာဝနာကိုပွားများအားထုတ်သူဟာ စိတ်ထားဖြူစင်သူဖြစ် တဲ့အတွက် ဝင်သက်ထွက်သက်ကိုရှုသည်ဖြစ်စေ ဖေါင်းပိန်ကိုမှတ်သည်ဖြစ်စေ

ပေါ်ရာပေါ်ရာကိုရှုမှတ်သည်ဖြစ်စေ သူ့ရဲ့စိတ်ထဲမှာအကုသိုလ် ကိလေသာများ အလွယ်တကူပေါ်မလာတော့ပါဘူး။အဲဒါဟာဝိတက်=ကုသိုလ်စိတ်ကိုကြံစည်ခြင်းဖြစ်နေတာပါ။လောဘ၊ဒေါသ၊မောဟ၊မာနစတဲ့ကိလေသာများအတိုင်းအတာတစ်ခုအထိပေါ်မလာတော့ဘူးဆိုရင် အဲဒါဟာဝိစာရ=အကုသိုလ်စိတ်မဖြစ်အောင် ကုသိုလ်စိတ်ဆက်လက်ဖြစ်ပွားအောင် ထောက်ပံ့ပေးဖြစ်နေတာပါ။ဒါဆိုရင်ကိလေသာကိုတဒင်္ဂ=ခဏလေးပယ်ထားသလိုဖြစ်တဲ့အတွက်တရားအားထုတ်သူများရဲ့စိတ်နဲ့ခန္ဓာမှာ ပီတိ=နှစ်သက်မှုတွေဖြစ်ပေါ်လာပါလိမ့်မယ်။ပီတိ=နှစ်သက်မှုကတော့အမျိုးမျိုးရှိပါတယ်။တစ်ကိုယ်လုံးအေးသလိုခံစားရတာခန္ဓာကိုယ်မှာဖျင်းခနဲဖျင်းခနဲဖြစ်ပြီးတော့ခံစားလို့ကောင်းတာခန္ဓာကြွတက်နေသလိုခံစားရတာ ခန္ဓာကိုယ်ကိုဆီနဲ့လောင်းလိုက်သလိုအေးမြပြီးခံစားရတာတွေဟာပီတိရဲ့သင်္ကေတတွေပါပဲ။ယောဂီပုဂ္ဂိုလ်ဟာ တရားအားထုတ်မှုကိုမဖျက်ပဲဆက်အားထုတ်မယ်ဆိုရင် ပီတိကနေသုခ=ချမ်းသာမှုဆီကိုကူးသွားနိုင်ပါတယ်။ဒါဟာအတိုင်းအတာတစ်ခုထိသမထအရာမှာအတော်လေးခရီးရောက်နေပြီလို့ဆိုရမှာပါ။သုခဖြစ်ပြီးဆက်အားထုတ်မယ်ဆိုရင် စိတ်ဟာဘယ်ကိုမှမရောက်ပဲနဲ့ကိုယ်ကရှုမှတ်ထားတဲ့နေရာမှာပဲတည်နေမယ် တရားဖြုတ်တဲ့အချိန်ထိခံမယ်ဆိုရင်ဒါဟာ ဧကဂ္ဂတာ=စိတ်တခုတည်းဖြစ်နေတယ်လို့ဆိုရမှာပါ။အဲလိုဝိတက်ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ ငါးဆင့်အထိတကယ်ရောက်သွားပြီဆိုရင် ဒါကိုပဌမဈာန်ရတယ်လို့ဆိုပါတယ်။ပဌမဈာန်ရထားသူများဟာ နောက်တစ်ခါတရားပြန်ထိုင်တဲ့အချိန်မှာသမာဓိရအောင်အကြာကြီးလုပ်စရာမလိုပဲထိုင်လိုက်တာနဲ့တပြိုင်နက်လောဘစတဲ့ကိလေသာအတွေးတွေရပ်ပြီးတော့စိတ်တည်ကြည်သွားတော့တာပါပဲ။အဲလိုနဲ့ပဲ ပဌမဈာန်၊ဒုတိယဈာန်၊တတိယဈာန်နဲ့စတုတ္ထဈာန်တွေတဖြေးဖြေးတက်သွားပါလိမ့်မယ်။ဒါတွေအားလုံး အနိစ္စ=မမြဲမှုကို ရှုတာလဲမပါသလိုဒုက္ခ=ဆင်းရဲမှုကို ရှာဖွေတာလဲမဟုတ်သေးပါဘူး။ပြီးတော့အနတ္တ=ရုပ်နဲ့နာမ်ဟာသူ့သဘာဝအတိုင်းဖြစ်ပြီး ကိုယ့်အလိုအတိုင်းမဖြစ်ခြင်းအနေနဲ့ရှုတာလဲမဟုတ်သေးပါဘူး။ဒါကြောင့်သမထသက်သက် အားထုတ်ခြင်းဟာဈာန်ကိုသာရစေပြီးကိလေသာကို အချိန်အတော်ကြာကြာထိ မဖြစ်စေမပေါ်စေနိုင်တာပါ။

ကံဟူသည်

တော်ရုံအာရုံနဲ့တွေ့တာတောင်မှ ကိလေသာကပေါ်မလာတတ်တာမို့ ယောဂီများ အရိယာ ဖြစ်လေသယောင်ယောင် ထင်မှားတတ်ပြန်ပါသေးတယ်။ဒါကို အဓိမာန=ရလေသယောင်ယောင် ထင်မှတ်မှားမှုလို့ခေါ်ပါတယ်။တကယ်လို့ စတုတ္ထစျာန်သမာဓိကို ပိုင်ပိုင်ကြီးအသုံးချနိုင်ပြီဆိုရင်တော့ ယောဂီပုဂ္ဂိုလ်ဟာ ဥပေက္ခာကြောင့်ဖြစ်တဲ့ သတိရဲ့စင်ကြယ်မှုနဲ့ ဆက်လက်အားထုတ်နေတဲ့အ တွက်ဘဝပေါင်းများစွာကိုမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရနိုင်ပါတယ် တဲ့။ဒီလိုဉာဏ်မျိုးရရှိတာကိုကြက်ငယ်ဟာ ဥခွံအတွင်းမှ ဖေါက်ထွက်လာသလို ယောဂီလဲ ရှေ့ဦးစွာအဝိဇ္ဇာဥခွံမှ ဖေါက်ထွက်လာခြင်းပဲဖြစ်တယ်ဆိုတာကို ရှင်အာနန္ဒာကသေက္ခသုတ်မှာမဟာနာမ်ကိုဟောပြထားပါတယ်။ဒ့ါတင်ပဲလားဆို တော့ယောဂီဟာဥပေက္ခာကြောင့်ဖြစ်တဲ့ သတိစင်ကြယ်ခြင်းစတုတ္ထစျာန်သမာဓိ နဲ့ဆက်လက်အားထုတ်မယ်ဆိုရင် လူတို့မျက်စိထက်သာပြီးနတ်မျက်စိနဲ့တူတဲ့ ဒိဗ္ဗစက္ခုဉာဏ်=သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ အဆင်းလှမလှ လားရာဂတိ ကောင်းမကောင်းစသည်ကို မြင်တတ်တဲ့ဉာဏ်ကိုပါရနိုင်တဲ့အတွက်ကြက်ငယ် ဟာဥခွံအတွင်းမှပေါက်ဖွားလာသလို အဝိဇ္ဇာဥခွံထဲက ဒုတိယမြောက်ထွက်လာ တဲ့သူလို့ပါဟောထားပါသေးတယ်။

ပြီးတော့သီလနဲ့ပြည့်စုံခြင်း၊မျက်စိစတဲ့တံခါးများကို စောင့်စည်းခြင်း၊စားအပ်တဲ့ ဘောဇဉ်၌အတိုင်းအရှည်ကိုသိခြင်း၊နိုးကြားမှုရှိခြင်း၊သူတော်ကောင်းတရား(၇)ပါ းနဲ့ပြည့်စုံခြင်းတို့ဟာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်ရကြောင်း စရဏ=အကျင့်မျှသာဖြစ်တယ်။ဉာဏ်တွေကိုရတာက ဝိဇ္ဇာဖြစ်တယ်လို့ပါ ရှင်အာနန္ဒာကရှင်းပြခဲ့ပါတယ်။ဒါကြောင့်ဝိဇ္ဇာအသိနဲ့ပြည့်စုံချင်တယ်ဆိုရင်တော့ စရဏဖေါ်ပြခဲ့တဲ့ အကျင့်များနဲ့ပြည့်စုံအောင် နေဖို့ကျင့်ဖို့ပဲလိုတာပါ။ဒါဆိုရင် တော့အသိ၊ဝိဇ္ဇာနဲ့အကျင့်စရဏ ပြည့်စုံသူလို့ခေါ်ရမှာပေ့ါ။ဒါဟာစိတ်ကိုဖြူစင် အောင်သက်သက်လုပ်မှ ရနိုင်တဲ့အရာတွေပါ။ကိလေသာကိုအတိုင်းအတာအ ချိန်တစ်ခုအထိမပေါ်အောင် လုပ်ထားနိုင်တာဟာ ကာယကံကောင်းမှု ဝစီကံ ကောင်းမှု သက်သက်ကိုလုပ်ရုံနဲ့မရနိုင်ပါဘူး။ကာယကံနဲ့ဝစီကံ ကောင်းမှုတို့ရဲ့ အထောက်အပံ့ကိုယူပြီးမှ ရအောင်လုပ်ရတဲ့အရာမျိုးပါ။ဒါကိုသမထဘာဝနာ

သမထကမ္မဋ္ဌာန်းလို့ခေါ်ပါတယ်။(ကမ္မဋ္ဌာန=ကမ္မဋ္ဌာန်းဆိုတာကမ္မကအလုပ်ဌာန ကနေရာ၊ဥပမာယောဂီပုဂ္ဂိုလ်ဟာ ဝင်သက်ထွက်သက်နဲ့တရားအားထုတ်နေ တယ်ပဲဆိုပါစို့၊အဲဒီယောဂီရဲ့အလုပ်က(ကမ္မ)ဝင်သက်၊ထွက်သက်ပဲနေရာ(ဌာန) ရှိတာပါ။ဒါကြောင့်ကမ္မဋ္ဌာန်းအလုပ်လုပ်တဲ့နေရာမှာတည်နေခြင်းတည်နေအောင် စိတ်ကိုထားနိုင်ခြင်းလို့ခေါ်ပါတယ်) အပေါ်ကဖော်ပြခဲ့တဲ့စိတ်ဖြူစင်မှုကြောင့်သာ ရနိုင်တဲ့အကျင့်အကြောင်းတရားတွေကြောင့်သမထဘာဝနာတရားအားထုတ်သူ ဟာ မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာလို့ဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါး အပြည့်အဝထွန်းကားရာကာမဘုံမှာလို ကြမ်းတမ်းတဲ့အစာကိုမစားပဲပီတိကိုသာ စားသောနေရာများကို ရောက်ရပါတော့တယ်။အဲလိုရောက်ရတဲ့နေရာမှာလဲအ ကျင့်နဲ့အဆင့်အပေါ်မှာမူတည်ပြီး ရောက်ရတာပါ။သမထကမ္မဋ္ဌာန်းတရားအား ထုတ်လို့ပဌမဈာန်ရမယ်ဆိုရင်တော့ သူ့ရဲ့လားရာဘုံက ၁။ဗြဟ္မပါရိသဇ္ဇာ ၂။ဗြဟ္မပုရောဟိတာ ၃။မဟာဗြဟ္မာလို့ခေါ်တဲ့ပဌမဈာန်သုံးဘုံကိုရောက်ရမှာပါ။ ဘုံတွေကွဲပြားနေတာကကျင့်သူရဲ့ဝီရိယပညာတို့အပေါ်မှာမူတည်ပြီးအကျိုးရမှာ မို့ပါ။ဒုတိယဈာန်ရသူယောဂီများကတော့ ဒုတိယဈာန်ဘုံဖြစ်တဲ့ ၁။ပရိတ္တာဘာ ၂။အပ္ပမာဏာဘာ ၃။အာဘဿရာဆိုတဲ့ဒုတိယဈာန်သုံးဘုံကိုရောက်ရမှာပါ။ တတိယဈာန်ကိုရခဲ့တဲ့ယောဂီဆိုရင်တော့ တတိယဈာန်ဘုံဖြစ်တဲ့ ၁။ပရိတ္တ သုဘာ ၂။အပ္ပမဏာသုဘာ ၃။သုဘကိဏှာ ဆိုတဲ့သုံးဘုံကိုရောက်ကြရမှာပါ။ တကယ်လို့ယောဂီများဟာစတုတ္ထဈာန်ကိုရခဲ့မယ်ဆိုရင်တော့စတုတ္ထဈာန်(၇)ဘုံ ထဲကဝေဟပ္ဖိုလ်ဘုံကိုရောက်မှာဖြစ်ပြီး တရားအားထုတ်ရင်းနဲ့ကိလေသာတွေ ဖြစ်ရတာဟာစိတ်ကြောင့်ဖြစ်ရတယ်ဆိုပြီး စိတ်ကိုအပြစ်မြင်ခဲ့မယ်ဆိုရင်တော့ နာမ်မရှိရာဖြစ်တဲ့ အသညသတ်စတုတ္ထဈာန်ဘုံကိုရောက်မှာပါ။စတုတ္ထဈာန်ဘုံဟာ ဝေဟပ္ဖိုလ်ဘုံ၊အသညသတ်ဘုံ၊သုဒ္ဓါဝါသ=စင်ကြယ်သူများနေရာငါးဘုံ(အဝိဟာ၊ အတပ္ပါ၊သုဒဿာ၊သုဒဿီ၊အကနိဋ္ဌဘုံ)အားဖြင့်(၇)ဘုံရှိသော်လည်းထိုဘုံငါးဘုံ ဟာအရိယာဖြစ်သော အနာဂါမ်များသာရောက်ရသောဘုံများဖြစ်ပါတယ်။သာ မာန်ပုထုဇဉ်များမရောက်နိုင်တာကိုရည်ရွယ်ပြီးသုဒ္ဓါဝါသဖူးမရ(၃၁ဘုံတွင်သုဒ္ဓါဝါ သငါးဘုံကိုမရောက်ဖူးဘူး)လို့ပညာရှင်များဆိုကြတာပါ။

ကံဟူသည်

သမထဘာဝနာကိုအားထုတ်လို့ ဈာန်တစ်ခုခုကိုရရှိသွားတဲ့ယောဂီဟာကြီးမား တဲ့ကုသိုလ်(ဂရုကံ)ကံကိုရရှိသွားတာမို့ နောက်ဘဝအတွက်ဂတိမြဲသွားပါပြီ။ ယောဂီရခဲ့တဲ့ဈာန်အလိုက် ဗြဟ္မာ့ဘုံမှာနေရတော့မှာပါ။သမထတရားအားထုတ် တဲ့ယောဂီဟာလောကီကုသိုလ်ထဲမှာမြင့်မြတ်တဲ့ရူပဈာန်ကိုရအောင်အားထုတ်ခဲ့ ရတဲ့အတွက် ဇနကကံ၊ဥပတ္ထမ္ဘကကံတွေဖြစ်ပြီး ကာမ(၁၁)ဘုံမှာပေးနိုင်မယ့် အကုသိုလ်နဲ့ကာမကုသိုလ်ကိုနှိပ်စက်သလိုဖြစ်သွား(ဥပပီဠကကံ)တာမို့ကာမဘုံ ကိုမရောက်ရတော့ပဲသေပြီးနောက်ဥပပဇ္ဇဝေဒနီယကံအတိုင်းဘဝသေချာသွား တော့တာပါ။

**အထူးမှတ်ရန်။** ။အထက်ကဖေါ်ပြခဲ့တဲ့ထဲမှာ ပဌမဈာန်၊ဒုတိယဈာန်စသည်ဖြင့် ရူပဈာန်ကိုလေးမျိုးအနေနဲ့ပဲပြောခဲ့ပါတယ်။ရူပဈာန်ရဲ့အကျိုးပေးရာဘုံအနေနဲ့လဲ စတုတ္ထဈာန်ဘုံထိပဲရှိတာပါ။ဒါပေမယ့် ရူပကုသိုလ်စိတ်ကတော့ငါးမျိုးရှိပါ တယ်။ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါငါးပါးရှိတဲ့ ရူပပဌမဈာန်စိတ်။ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါလေးပါးရှိတဲ့ရူပ ဒုတိယဈာန်စိတ်။ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါသုံးပါးရှိတဲ့ တတိယ ဈာန်စိတ်။သုခ၊ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ စတုတ္ထဈာန်စိတ်နဲ့ ဥပေက္ခာ၊ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ ပဉ္စမဈာန်စိတ်ဆိုပြီး ငါးပါး ရှိတာပါ။ဈာန်စိတ်များအကျိုးပေးရာဘုံကတော့ တရားအားထုတ်သူ ယောဂီဟာ ဈာန်တရားကိုအားထုတ်စဉ် ဆန္ဒ၊စိတ္တ၊ဝီရိယ၊ဝီမံသဆိုတဲ့ ဈာန်နဲ့ယှဉ် ဖက်တရားတစ်ပါးပါးဟာ အကြီးအကဲ အဓိပတိဖြစ်ထိုက်ကာ အဓိပတိတရားက ညံ့နေမယ်အလေ့အကျင့်နည်းနေမယ်ဆိုရင် ဟီန(ပရိတ္တ=အားနည်း)ဖြစ်တဲ့ အတွက် ပဌမဈာန်အနေနဲ့အကျိုးပေးရင် ပဌမဈာန်သုံးဘုံထဲက အောက်ဖြစ်တဲ့ ဗြဟ္မပါရိသဇ္ဇာဘုံကိုပဲရောက်ရတာပါ။တကယ်လို့အဓိပတိက အလတ်တန်းစား ဖြစ်နေမယ်ဆိုရင်တော့ ပဌမဈာန်စိတ်က ပဌမဈာန်ဘုံမှာအလတ်ဖြစ်တဲ့ ဗြဟ္မ ပုရောဟိတာဘုံကိုရောက်စေမှာပါ။ပြီးတော့ အဓိပတိတရားကအထက်တန်းစား ဖြစ်နေမယ်ဆိုရင်တော့ ပဌမဈာန်ဘုံထဲမှာမြင့်မားတဲ့ မဟာဗြဟ္မာဘုံကိုရောက် မှာပါ။ဒီအတိုင်းပါပဲ ဒုတိယဈာန်စိတ်နဲ့ တတိယဈာန်စိတ်တို့လဲ အညံ့အလတ်

အမြတ်ဆိုပြီး ဒုတိယစျာန်သုံးဘုံမှာဖြစ်စေပါတယ်။နောက်ပြီး အညံ့အလတ် အမြတ်ဖြစ်တဲ့စတုတ္ထစျာန်စိတ်ကတော့ တတိယစျာန်သုံးဘုံမှာ အစဉ်အတိုင်း အကျိုးပေးရပါတယ်။ရိုးရိုးပဉ္စမစျာန်စိတ်ကတော့ စတုတ္ထစျာန်ဘုံဖြစ်တဲ့ ဝေဟပ္ဖိုလ်ဘုံကိုရောက်စေပြီးတော့ ပဉ္စမစျာန်ကိုရပြီးတဲ့ယောဂီဟာ စိတ်ရှိနေလို့ စားချင်၊သွားချင်၊လာချင်စတဲ့လောဘ ထောင်လွှားတတ်တဲ့မာန စိတ်ဆိုးမှု ဒေါသမနာလိုဝန်တိုမှုစတာတွေ ဖြစ်ရတယ်။ရုပ်သက်သက်ဖြစ်ရင်တော့ အပြစ် လုပ်စရာမလိုပဲအေးချမ်းမှာပဲစတဲ့စိတ်ကိုအပြစ်မြင်ပြီး ပဉ္စမစျာန်ကိုပဲအထပ်ထပ် ဝင်စားမယ်ဆိုရင်တော့ နာမ်(စိတ်)မရှိတဲ့အသညသတ်စတုတ္ထစျာန်ဘုံကိုရောက် စေမှာပါ။နောက်ကျန်တဲ့အနာဂါမ်များသာရောက်ရတဲ့ သုဒ္ဓါဝါသစတုတ္ထစျာန်ဘုံ ငါးဘုံကိုရောက်ဖို့ရာကျတော့ တရားအားထုတ်လို့ရဟန္တာမဖြစ်သေးတဲ့သူများ ပဉ္စမစျာန်စိတ်နဲ့သေပြီးနောက် သဒ္ဓါလွန်၊ဝီရိယလွန်၊သတိလွန်၊သမာဓိလွန် ပညာလွန်ပုဂ္ဂိုလ်တွေဟာ အစဉ်အတိုင်းသုဒ္ဓါဝါသငါးဘုံမှာဖြစ်ရပါတယ်။အခုဖော် ပြခဲ့တဲ့ကံအားလုံးဟာ ရူပကုသိုလ်ကံများပဲဖြစ်ပါတယ်။တကယ်လို့များတရား အားထုတ်သူဟာအရူပစိတ်များဖြစ်တဲ့ အာကာသာနဥ္စာယတနကုသိုလ်စိတ်၊ ဝိညာဏဥ္စာယတနကုသိုလ်စိတ်၊အာကိဥ္စညာယတနကုသိုလ်စိတ်နဲ့နေဝသညာန ၁သညာယတနစိတ်တွေ ဖြစ်ခဲ့မယ်ဆိုရင်တော့ အစဉ်အတိုင်းအာကာသာ နဥ္စာယတနဘုံစသည်မှာဖြစ်ရမှာပါ။အရူပဘုံရဲ့ထုံးစံအတိုင်းရုပ်မရှိပါဘူး။ရုပ်မရှိ တဲ့အရူပဘုံကိုရောက်သွားတဲ့ ပုထုဇဉ်များဟာ နာမ်နဲ့ရုပ်ကိုခွဲခြားသိမှုရနိုင်တဲ့ မဂ်တရားဖိုလ်တရားကို ရဖို့အခွင့်အရေးမရှိတော့တာမို့မရောက်သင့်မသွားသင့် အားမထုတ်သင့်တဲ့သမထတရားတစ်မျိုးပါပဲ။

## ဘာသာခြားများလဲ ကုသိုလ်ဖြစ်နိုင် စျာန်တရားများရနိုင်

ဖေါ်ပြခဲ့ပြီးဖြစ်တဲ့ ကာမကုသိုလ်ကံ၊ရူပကုသိုလ်ကံနဲ့အရူပကုသိုလ်ကံ တို့ဟာ စိတ်ရှိတဲ့လူသားတိုင်း လုပ်ပိုင်ခွင့်လုပ်နိုင်ခွင့်ရှိတဲ့တရားတွေပါပဲ။ဘုရား၊တရား၊ သံဃာကိုမယုံကြည်တဲ့သူများလဲ စျာန်တရားတွေရပြီးရူပဘုံ၊အရူပဘုံများကို ရောက်နိုင်ပါတယ်။အထက်မှာဖေါ်ပြခဲ့တဲ့ သမထစျာန်ရကြောင်းတရားငါးပါးမှာ

ပါတဲ့သဒ္ဓါ ဘုရားအပေါ်ယုံခြင်းဆိုတာ မဂ်ရနိုင်တဲ့သူများထိရည်ရွယ်ပြီးပြောခဲ့တာပါ။တကယ်လို့ဘာသာခြားဖြစ်မယ်ဆိုရင်တော့ ဘုရားကိုမယုံပေမယ့်လဲ ဈာန်ရနိုင်ပါသေးတယ်။သာမန်ကာမကုသိုလ်များဖြစ်တဲ့ ဒါနသီလဖြစ်တယ်ဆိုတာကတော့ပြောစရာမလိုတော့တဲ့အခြေအနေပါ။ဒါကြောင့်ကံဖြစ်ရတယ်ဆိုတာ ဘာသာနဲ့လဲမဆိုင်သလို လူမျိုးနဲ့လဲမဆိုင်ပါဘူး။စိတ်ရှိပြီးကောင်းတာမကောင်းတာကိုလုပ်နေပြောနေတွေးနေတာနဲ့ပဲ ဆိုင်တာပါ။ဒါကိုပဲကံလို့ဆိုပါတယ်။ကံကိုဖြစ်စေရင်ကံကလဲဖြစ်စေတဲ့အတိုင်း ပြန်ဖြစ်စေမှာပါပဲ။ဘုရားကိုယုံကြည်မှတရားရနိုင်တယ်ဆိုတဲ့အတွေးဟာ မှန်ကန်တဲ့အတွေးတစ်ခုတော့မဟုတ်ပါဘူး။တစ်ခုတော့ရှိပါတယ်လွတ်လမ်းကိုရှာဖွေရင်းတရားထူးကိုရချင်တယ်ဆိုရင်တော့ ဘုရားကိုယုံကြည်သူ ဖြစ်သွားပါလိမ့်မယ်။ဘာလို့လဲဆိုတော့ လွတ်လမ်းကိုရောက်စေနိုင်တဲ့အကြောင်းတရားများဟာမဂ္ဂင်ရှစ်ပါးဖြစ်နေလို့ပါပဲ။မဂ္ဂင်ရှစ်ပါးတရားနောက်ကိုလိုက်သူများကို ဘုရားမယုံပါနဲ့ပြောလဲမရတော့ပါဘူး။သူ့အလိုလိုကိုယုံကြည်နေတော့တာပါပဲ။ဘုရားကိုမယုံကြည် ဘုရားဆိုတာမသိပဲနဲ့ဖြဟ္မာ့ပြည်ကိုရောက်သူတွေဘုရားမပွင့်ခင်ကာလမှာ အမြောက်အမြားရှိပါတယ်။သူတို့တွေဟာလောကီအာရုံကာမဂုဏ်တွေက စိတ်ကိုညစ်နွမ်းစေတယ်ဆိုပြီး ကာမအာရုံရဲ့လွတ်မြောက်ရာကို စိတ်ဖြူဖြူစင်စင်နဲ့ရှာခဲ့သူတွေပါ။ဒီအထဲထင်ရှားသူနှစ်ယောက်ကတော့ ဘုရားရဲ့ဆရာဖြစ်ခဲ့ဖူးတဲ့ ကာလမအမျိုးအနွယ်ဖြစ်တဲ့ အာဠာရရသေ့နဲ့ ရာမရဲ့သားဉဒကရသေ့တို့ကိုပဲ သာဓကထုတ်ပြရပါလိမ့်မယ်။သူတို့တွေဟာ ဘုရားတောမထွက်ခင်ကတဲက လောကီအာရုံကိုစိတ်ကုန်ပြီးတောထွက်လာသူတွေပါ။သမထကမ္မဌာန်းကို အားထုတ်လို့ဈာန်ရထားသူတွေလဲဖြစ်ပါတယ်။ဘုရားလောင်းသိဒ္ဓမင်းသားနဲ့တွေ့တဲ့အချိန်မှာ အာဠာရရသေ့နဲ့ဉဒကရသေ့တို့ဟာ ဈာန်ကိုရပြီးလို့တပည့်အပေါင်းကို သူတို့ရထားတဲ့အတိုင်းတရားပြနေသူတွေတောင်ဖြစ်နေပါပြီ။ဘုရားလောင်းတောင်မှ သူတို့နှစ်ယောက်ရဲ့နည်းတွေကိုယူပြီး တရားအားထုတ်လိုက်လို့ ဈာန်တွေကိုအဆင့်ဆင့်ရရှိခဲ့ဖူးပါတယ်။အာဠာရနဲ့ဉဒကရသေ့တို့ဟာ သူတို့တကယ်သိ တကယ်ရဖူးတဲ့တရားတွေကို တပည့်အပေါင်းဆည်းကပ်လာသူများကို အမှန်အတိုင်းပြနေသူတွေလို့

မှတ်ချက်ပေးခံရသူတွေပါ။အာဠာရရသေ့နဲ့ဥဒကရသေ့တို့ဟာ သူတို့မှာကိုးကွယ်စရာဘုရားရှင်နဲ့တရားများမရှိပေမယ့်လို့ စိတ်ကိုတည်ငြိမ်အောင်ကြိုးစားရင်းနဲ့ တရားများကိုရှာဖွေတွေ့ရှိသွားသူတွေပါပဲ။ဒါပေမယ့် သူတို့ရှာဖွေတွေ့ရှိတဲ့တရားတွေဟာ သံသရာဒုက္ခကလွတ်စေတဲ့တရားမဟုတ်တဲ့အတွက် တရားထူးရသွားသူတရားထူးကိုသိသွားသူတွေတော့ မဖြစ်လိုက်ပါဘူး။ဒါကြောင့်လဲပဲ သူတို့ရဲ့ဉာဏ်နဲ့ပြန်ကြည့်လိုက်တဲ့အချိန်မှာ သိဒ္ဓတ္ထမင်းသားဟာတရားထူးရပြီး ဘုရားဖြစ်မယ်ဆိုတာသိပြီးဝမ်းသာရပေမယ့်လို့ ဘုရားရှင်သိပြီးဟောမဲ့တရားထူးကိုနာခွင့်မရှိတော့တာကြောင့်ဝမ်းနည်းသူများဖြစ်ခဲ့ရပြန်ပါတယ်။ထူးခြားတာလေးတစ်ခုကိုသိထားသင့်ပါသေးတယ်။အာဠာရနဲ့ဥဒကရသေ့တို့ဟာ ဈာန်နဲ့အဘိညာဉ်ကိုရလို့သူများစိတ်နဲ့အဖြစ်အပျက်တွေကို မြင်နိုင်သိနိုင်ကြပေမယ့်လို့ သိဒ္ဓတ္ထဘုရားလောင်းရမဲ့တရားဟာ ထူးခြားတဲ့တရားလောက်ပဲသိပြီးဘာတရားဆိုတာကိုမသိနိုင်မမြင်နိုင်တာပါပဲ။တကယ်လို့များသူတို့ရထားတဲ့ဈာန်တရားများကသာတကယ်မဂ်တရားထက် ထူးခြားနေမယ်ဆိုရင်သူတို့သိရမှာပေါ့။သူတို့မသိနိုင်မမြင်နိုင်တာကိုထောက်သောအားဖြင့် လောကီကုသိုလ်တွေဟာလောကုတ္တရာကုသိုလ်ကိုမီနိုင်ဖို့ဆိုတာလုံးဝမဖြစ်နိုင်ပါဘူး။လောကကလွတ်မြောက်ပြီးဒုက္ခကလွတ်ချင်တယ်ဆိုရင်တော့တရားသာမန်ရတာလေးနဲ့မလုံလောက်တော့ပါဘူး။တရားထူးရမှကိုဖြစ်တော့မှာပါ။သာမန်လောကီတရားတွေက ဘုရားပွင့်သည်ဖြစ်စေမပွင့်သည်ဖြစ်စေရှိနေတဲ့တရားတွေမို့ထူးပေမယ့်မဆန်းပါဘူး။ထူးပြီးဆန်းချင်တယ်ဆိုရင်တော့ တရားထူးကိုသိခွင့်ရအောင် အားထုတ်ကြည့်ဖို့ပဲလိုတာပါ။ကာမကုသိုလ်ရူပကုသိုလ်နဲ့အရူပကုသိုလ်များဖြစ်ပြီး မြင့်မြတ်တဲ့ဘုံမြင့်မြတ်တဲ့ဘဝချမ်းသာတဲ့အခြေအနေကို ပိုင်ဆိုင်ခွင့်ရရုံလေးနဲ့ဆိုရင်တော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဘုရားကို ယုံကြည်သူတစ်ယောက်ဖြစ်စရာမလိုပါဘူး။လှူဒါန်းပေးကမ်းလိုတဲ့စိတ်ရှိမယ်ကိုယ်ကျင့်တရားကောင်းမယ်စိတ်ထားဖြူစင်မယ်ဆိုရုံလေးနဲ့ရနိုင်မယ့်အကျိုးတရားတွေပါ။

စိတ်ထားဖြူစင်မှုသက်သက်နဲ့ အားထုတ်မှုရနိုင်တဲ့ ရူပဈာန်နဲ့ အရူပဈာန်စိတ်တွေကြောင့် ဗြဟ္မာ့ပြည်ရောက်သွားရတဲ့ယောဂီများဟာ သက်တမ်းမြဲခြင်းဆိုတဲ့

## ကံဟူသည်

